ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (26-1-2011) (၆၆၅၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာ ဒေဗီဆင်းပတေးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ် မစ်ကွင်တင်းဘရိုက်(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး

✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး

✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး

✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး

✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ် အန်ဆာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စဂျူလီယာဂေးလာ့ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဇွဲကပင်မြေမှာ သီးနှံတွေလှိုင်လှိုင်ဖြာဝေ

အံ့သြဖွယ်ကောင်းလေစွ။ ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာအဝင် ယခင် မြေသားလမ်းကား ယခု ညီညာပြန့်ပြူးသော ကတ္တရာလမ်းကြီးဖြစ်နေပေပြီ။ ဖွံ့ဖြိုးတိုးတက်မှုက တစ်ခေါက်နှင့် တစ်ခေါက် လိုက်၍ပင်မမီအောင်ဖြစ်ရသည်။

ဖွံ့ဖြိုးစည်ပင်

ဘားအံမြို့နယ် အတွင်းရေးမှူး ဦးချစ်ဝေက ကားကိုကျင်လည်စွာ မောင်းနှင်နေရင်း "ဘားအံမြို့ ရွာအဆင့်ရှိတဲ့ ကာလကတည်းက ထုံးအိုင်က ရွာကြီးဗျ။ ယဉ်ကျေးမှုအရလည်း ရှေးကျတယ်။ အခု ကတ္တရာလမ်းကြီးပြီးသွားတော့ ပိုပြီး ဖွံ့ဖြိုးစည်ပင်လာတော့မှာပေါ့ဗျာ"။

နေ့ချင်းပြန်ကျောင်းတက်

"ဟုတ်တယ်ဗျ၊ အရင်ကဆို ဘားအံမြို့က တက္ကသိုလ်တွေမှာ ပညာသင်ဖို့ ရွာက ကလေးတွေ မြို့မှာ ဘော်ဒါလာနေကြရတာ။ အခု ဒီကတ္တရာလမ်းကြီးပြီးသွားတော့ ဘားအံကို နေ့ချင်းပြန် ကျောင်းလာတက်နိုင်ကြပြီ။ ကျောင်းကားလည်း နေ့စဉ်ရှိတော့ **စာမျက်နှာ ၉ ကော်လံ ၁ သို့**❖

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)

ဓာတ်ပုံ-သာဉာဏ်(သတင်းစဉ်)

မိန်းမလှကျွန်းကျေးရွာ၌ အောင်မြင်ဖြစ်ထွန်းနေသော ဂေါ်ဖီစိုက်ခင်းများက တစ်မျှော်တစ်ခေါ်။

၂၆-၁-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ဖော်ဆောင်

နိုင်ငံ၏ ပထဝီအနေအထား၊ ရေမြေသဘာဝဖြစ်တည်နေမှုသည် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်သည့် အခြေအနေကောင်းများရှိသည်။ ရေအားလျှပ်စစ်စီမံကိန်းကြီးများ အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာငွေကြေးအများအပြား ရင်းနှီးမြှုပ်နှံရခြင်း၊ ကာလရှည်ကြာအချိန်ယူ တည်ဆောက်ရခြင်း အကန့်အသတ်များရှိသည့်တိုင် ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

တည်ဆောက်ပြီးစီးသည့် စက်ရုံများကိုဖွင့်လှစ်၍ လျှပ်စစ်ဓာတ်အားများ ထုတ်လွှတ်ပေးနေပြီဖြစ်သည်။ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၏ တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဇန်နဝါရီ ၂၃ ရက်က ဖွင့်လှစ်လိုက်သည်။ အဆိုပါစက်ရုံသည် ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ တာပိန်မြစ်ပေါ်၌ တည်ရှိပြီး စက်တပ်ဆင်အင်အားမဂ္ဂါဝပ် ၆၀ရှိ စက်လေးလုံး ပါဝင်ပြီး စုစုပေါင်း တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၂၄၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါ စီမံကိန်းကြီးအောင်မြင်သဖြင့် မြန်မာ-တရုတ် အိမ်နီးချင်းနှစ်နိုင်ငံပြည်သူများ လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲ နိုင်ကြပေမည်။ ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမည့်အပြင် အနီးပတ်ဝန်းကျင်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလာနိုင်မည်ဖြစ်သည်။ ဒေသစီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်များ ဖြစ်ထွန်းလာမည်ဖြစ်သည်။

ကချင်ပြည်နယ်အတွင်း ရေသယံဇာတများ အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် ဧရာဝတီမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိသည်။ အကောင်အထည်ဖော်ဆဲ စီမံကိန်းများတွင် ပြည်ပကျွမ်းကျင်သူများနှင့် ပူးပေါင်းလုပ်ကိုင်ကြရသဖြင့် အသိပညာ၊ အတတ်ပညာဗဟုသုတများ တိုးပွားရယူနိုင်ရေး ကြိုးပမ်းကြရပေမည်။ လျှပ်စစ်ဓာတ်အားကိုအသုံးချ၍အခြားစက်မှုစီးပွားလုပ်ငန်းများ တည်ထောင်လုပ်ကိုင်နိုင်ရေး ကြံဆောင်အားထုတ်ကြရပေမည်။

ယနေ့ကာလတွင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေခံသည် လျှပ်စစ်ဓာတ်အားနှင့် လမ်းပန်းဆက်သွယ်ရေးဖြစ်သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးတက်ဖွင့်လှစ်လာနိုင်ခဲ့သည်။ မော်တော်ကားလမ်း၊ ရထားလမ်းကွန်ရက်များ အများအပြား ပေါ်ပေါက်လာခဲ့ရာ ဒေသအလိုက် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ တိုးတက်လာပြီး စက်ရုံ၊ အလုပ်ရုံများစွာ တည်ဆောက်လည်ပတ်လာသည်ကို တွေ့ရသည်။

ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာမှုနှင့်အတူ တိုးတက်များပြားလာသော စက်မှုလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှုန်းစဉ်မြင့်မားလာလျက်ရှိသည်။ ရေအားလျှပ်စစ်စီမံကိန်းများ ဆက်လက်တည်ဆောက်ပြီးစီးပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ် ဖြည့်ဆည်းပေးနိုင်ရေး ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာစည်မြို့နယ် ရွှေလှံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ရွှေလှံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီး ဦးဌေးဦး၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်ဝင်းနှင့် မိတ္ထီလာခရိုင် ဥက္ကဋ္ဌ ဦးစိန်အုပ်တို့က ရွှေလှံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပညာရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်နာယကနှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အတန်းလိုက် ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ ၂၀၁၀ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ ဝတ္ထုတိုပြိုင်ပွဲများတွင် ဆုရဆရာမများနှင့် ခရိုင်အဆင့် ဘောလုံးအားကစား ဆုရကျောင်းသားတစ်ဦးတို့အား ဝန်ကြီးနှင့် ဧည့်သည်တော်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်မိရပ်ဖကိုယ်စားလှယ်များက ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး သာစည်မြို့နယ် ရွှေလှံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် စဥ့်ကူ မြို့ကုန်းရပ်ကွက်ရှိ အလျားပေ ၂၀၀၀၊ အကျယ် ၁၂ ပေရှိ မြေသားလမ်းမကို ဆီမီး (၉၉၀၀)အဖွဲ့ (အင်းစိန်)နှင့် ဒေသခံအလှူရှင်များစုပေါင်း၍ ဒီဇင်ဘာ ၉ ရက်က တပျော်တပါး လမ်းခင်းကြစဉ်။

(ကြေးမုံ)

Capital Hypermarket ၌ Interior Design & Deco Fair ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

Capital Hypermarket Promotion Area ၌ MY DREAM HOME အမည်ရှိ Interior Design & Deco Fair ကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ထိုပွဲတွင် အဆင့်မြင့်မြင့် Furniture & Bedding များ၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ စောင်များ၊ အိမ်တိုင်ရာရောက်လိုက်လံခင်းကျင်းပေးမည့် ကိုရီးယားပါကေးများ၊ ဆန်းသစ်သောဒီဇိုင်းများနှင့် တစ်ခုဝယ်တစ်ခု လက်ဆောင်ရမည့် ဘယ်လ်ဂျီယံကော်ဇောများ၊ Jotun တံဆိပ် အိမ်သုတ်ဆေးမျိုးစုံ၊ Kitchen Appliance ပစ္စည်းများ၊ Electric Home Entertainmentများ၊ Dailyမှ လက်ဆေးဆပ်ပြာဆီများ၊ ပန်းကန်ဆေး ဆပ်ပြာဆီများ၊ ကြွေကြေးချွတ်ဆေးများ၊ ကိုရီးယားမှ Air Fresher များ၊ သစ်ခွ၊ ပန်းနှင့် အခြားလှပသော အပင်မျိုးစုံ၊ ရေတံခွန်များကို စုံစုံလင်လင်နှင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ရောင်းချပေးမည့် ဆိုင်များမှာ Pwint Oo Co., Ltd., Scence Co., Ltd. , My Dream, Flower Home၊ သရဖူပါကေး၊ Carpet World, Jotun, Panasonic , Hitachi , Nibban , Daily၊ ရတနာမိုး၊ Power House နှင့် Metal Wood တို့ဖြစ်ပြီး အထူးလျှော့ဈေးဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

စာရင်းကိုင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုမည့်သူများအတွက် သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

LCCI (UK) မှ Level I &II နှင့် III ဒီပလိုမာရရှိပြီးသူများ၊ စီးပွားရေးတက္ကသိုလ်မှ B.Com,B.Act များအတွက် ပြည်တွင်းတွင်သာမက ပြည်ပကုမ္ပဏီများတွင် ယုံကြည်မှုအပြည့်ဖြင့် Professional Accountant, Executive Accountant များအဖြစ် ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိနိုင်မည့် အခွင့်အလမ်းအား Nay Lin Aung Finance & Accountancy Training Centre တွင် “Accounting On Job Workshop” သင်တန်းများကို ဖွင့်လှစ်နေပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ စနစ်တကျ လုပ်ငန်းခွင်ဝင်နိုင်ရန် လက်တွေ့စာရင်းရေးဆွဲခြင်းကို Module များဖြင့် Manual နှင့် Computer ယှဉ်တွဲအသုံးပြုပြီး ပြည်တွင်းကုမ္ပဏီများတွင် (၁၅)နှစ်ခန့် စာရင်းကိုင်ချုပ်ဖြင့် အတွေ့အကြုံရှိသော ဆရာမကိုယ်တိုင်ကြီးကြပ်၍ လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းပြီးဆုံးပါက အရည်အချင်းပြည့်မီသော သင်တန်းသားများအား Certificate ပေးအပ်မည်ဖြစ်ပြီး မိမိ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်ပေါ်မူတည်၍ သင့်လျော်သောအလုပ်များနှင့် ချိတ်ဆက်ပေးမည် ဖြစ်သည်။

Nay Lin Aung Finance & Accountancy Training Centre မှ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းတွင်လည်း ဘဏ္ဍာရေးနှင့် စာရင်းကိုင်ခြင်းများအတွက် အကြံဉာဏ်ပေးဆွေးနွေးခြင်းများ၊ ဝန်ထမ်းများအား သင်တန်းပို့ချပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် Accounting Software များဖြစ်သော MYOB, ACCAPAC, Quick Book, Peach Tree အသုံးပြု၍ စာရင်းကိုင်ခြင်းများကိုလည်း ပို့ချပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ကျေးဇူးရှင် အဘိုး ဦးဘမျိုး-အဘွား ဒေါ်တင်အုန်း၊ ဖခင် ဦးမောင်မောင်သန်း - မိခင် ဒေါက်တာအေးအေးကြည်တို့အား ရည်စူး၍ အင်းလျားလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့နေ ဒေါ်သန္တာခင်မောင်သန်း၊ ဒေါက်တာဦးစန်းအောင်၊ ဦးကျော်မင်းသန်း၊ ဒေါ်ဝင်းမာသန်း၊ ဒေါ်လင်းမာသန်းနှင့် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ခြောက်ထပ်ဆေးရုံသစ်ကြီး ဆေးကုသမှု အခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၅ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။

(သတင်းစဉ်)

ရန်ကုန်စီးပွားရေးတက္ကသိုလ် (၁၉၆၆-၆၇) ခုနှစ်ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ (၁၉၆၆-၆၇)ခုနှစ် ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ ဒုတိယအကြိမ် မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သခင်မြပန်းခြံရှိ Western Park (1) စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကိုလှအောင်၊ မသန်းဆွေ ဖုန်း - ၅၅၂၄၂၀၊ မကြည်ညွန့် ဖုန်း-၅၃၀၅၈၅၊ မနှင်းသန့် ဖုန်း-၆၆၀၅၇၀၊ မလွင်လွင်မော် ဖုန်း-၂၉၈၉၀၁၊ မဌေးဌေးဝင်း ဖုန်း-၇၃၀၁၄၄၉၆၊ ကိုသန်းစိုး ဖုန်း-၆၄၁၉၈၄၊ ကိုလှမင်း ဖုန်း-၂၉၄၁၈၆၊ ကိုဝင်းငြိမ်း ဖုန်း-၀၉-၅၁၁၀၅၉၆၊ ကိုလှမင်း ဖုန်း-၇၃၀၅၇၀၇၇၊ ကိုထင်ကျော် ဖုန်း-၀၉-၅၁၂၂၉၉၆၊ ကိုဇော်သန်း ဖုန်း-၀၉-၅၀၃၈၉၈၃၊ မတင်တင်သန်း ဖုန်း-၆၅၃၀၀၃၊ ကိုစိန်သင် ဖုန်း-၁၂၂၃၅၉၂၊ ကိုစိန်လွင် ဖုန်း - ၀၉ - ၂၀၁၂၂၂၀၂၊ ကိုသောင်းညွန့် ဖုန်း-၀၂၇၀၀၅၁နှင့် ကိုတင်ကိုကိုထိုက် ဖုန်း-၀၉-၅၀၇၉၃၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Junhua လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီး သူရဦးအေးမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Junhua နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်မှုအတွက် နှစ်နိုင်ငံအားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်၍ ချစ်ကြည်ရေးပြိုင်ပွဲများ ယှဉ်ပြိုင်ရေး၊ နည်းပြများ ငှားရမ်းလေ့ကျင့်ရေးနှင့် အားကစားအဖွဲ့အချင်းချင်း ပူးတွဲလေ့ကျင့်ရေး၊ အားကစားပြိုင်ပွဲကျင်းပခြင်း အတွေ့အကြုံများ ဖလှယ်ရေး၊ နှစ်နိုင်ငံ အားကစားဆိုင်ရာကိစ္စရပ်များ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားကြရေး တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး နဝမအကြိမ် အစည်းအဝေးကျင်းပ

မြန်မာအလုပ်သမားများ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး နဝမအကြိမ်အစည်းအဝေးကို ပြင်ဦးလွင်မြို့ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိရေး နဝမအကြိမ်မြောက် အစည်းအဝေးတက်ရောက်ရန်အတွက် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Chalermchai Sri-on ခေါင်းဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့ သို့ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Apirath Vienravi တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ကြိုဆိုကြသည်။

ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အတူ အစည်းအဝေးကျင်းပမည့် ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြသည်။

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိရေး နဝမအကြိမ် အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ပြင်ဦးလွင်မြို့ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့အား အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Chalermchai Sri-on တို့က ဦးဆောင်ပြီး ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်ကိစ္စ၊ မြန်မာအလုပ်သမားများ ရသင့်ရထိုက်သည့် အခွင့်အရေးများ ထိုင်းအလုပ်သမားများနည်းတူ ရရှိခံစားနိုင်ရေး၊ ဘဝအာမခံချက်နှင့်အတူ လုံခြုံမှုရရှိရေး၊ ဖိနှိပ်ချုပ်ချယ်မှု၊ ခေါင်းပုံဖြတ်မှုနှင့် မတရားမှုများကင်းဝေးကာ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်ချမ်းမြေ့စွာ အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအားလုံး မှတ်ပုံတင်ခွင့်ရရှိကာ ယာယီမြန်မာနိုင်ငံကူးလက်မှတ်များ ရရှိကိုင်ဆောင်ခွင့်ရရှိရေးနှင့် မြန်မာအလုပ်သမားသစ်များ အောင်မြင်စွာ စေလွှတ်နိုင်ရေးကိစ္စများကို အဓိကထား၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။

ယင်းနေ့ ညနေပိုင်းတွင် ကျင်းပသည့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန် ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များ စေလွှတ်ရေးဆိုင်ရာ နဝမအကြိမ်အစည်းအဝေး သဘောတူညီချက် မှတ်တမ်းလက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များဖြစ်ကြသော ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တက်ရောက်ခဲ့ကြသည်။

ညပိုင်းတွင် ဧည့်သည်တော် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီး ဦးမောင်မြင့်က ပြင်ဦးလွင်မြို့ရှိ ရွှေစံအိမ်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ခရီးစဉ်အတွင်း ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့၌ ရွှေတိဂုံစေတီတော်နှင့် ခြောက်ထပ်ကြီးဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ထို့အပြင် ပြင်ဦးလွင်မြို့တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်တို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး မဟာအံ့ထူး ကံသာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကာ မန္တလေးမြို့၌ မဟာမုနိဘုရားအားဖူးမြော်ကြည်ညိုခဲ့ကြသည်။

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

ခရမ်းမြို့နယ် အနောက်ခမတ်ကျေးရွာ တက်သစ်စ စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အနောက်ခမတ်ကျေးရွာ တက်သစ်စ စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၇ နာရီတွင် အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အဖွဲ့ဝင်များ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်အိဇာလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံများ၊ အလှူရှင်များတက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ဦးစီးမှူးနှင့် အနောက်ခမတ်ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ စာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြသည်။

(အောက်ဝဲပုံ)

ထို့နောက် တက်သစ်စ စာကြည့်တိုက်သို့ မြို့နယ်ဥက္ကဋ္ဌက စာအုပ်မျိုးစုံ ၆၀၊ မြို့နယ် မိခင်နှင့်ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ စာအုပ်စာစောင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်အိဇာလှိုင်က ရေဒီယိုတစ်လုံးနှင့် စာအုပ်မျိုးစုံ ၁၀၄ အုပ်၊ ကျေးရွာနေပြည်သူများက စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံး၊ ခုံတန်းရှည်တစ်လုံး၊ စာအုပ်စင် တစ်ခု၊ စာအုပ်မျိုးစုံ ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက်ကို ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးငွေကျပ် ၁၀ သိန်း၊ ခရမ်းမြို့နယ် အနောက်ခမတ်ကျေးရွာနေပြည်သူများက ထည့်ဝင်လှူဒါန်းငွေကျပ်ခုနစ်သိန်း စုစုပေါင်းငွေကျပ် ၁၇ သိန်းဖြင့် တည်ဆောက်လှူဒါန်းခြင်းဖြစ်သည်။

(မြို့နယ်ပြန်/ဆက်)

ကော့ကရိတ်မြို့ အထက(၁)၊ ယခင် အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ကော့ကရိတ်မြို့ အထက(၁)ကျောင်းတွင် (၁၉၅၂-၂၀၁၁) ခုနှစ်အတွင်း သင်ကြားပြသတာဝန်ယူထမ်းဆောင်ဆဲ အသက်(၅၇)နှစ်အထက် ဆရာ၊ ဆရာမများနှင့် အငြိမ်းစားယူပြီးကြသော ဆရာကြီး၊ ဆရာမကြီးများနှင့်တကွ ၁၉၈၅ ခုနှစ်မတိုင်မီ ကော့ကရိတ်မြို့အတွင်း မူလတန်းကျောင်း ကိုးကျောင်းနှင့် ချောင်းတောင်ရပ်၊ တောင်ပေါ်ရပ် အလယ်တန်းကျောင်းနှစ်ကျောင်းမှ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်းများက ဧပြီ ၃ ရက် (တနင်္ဂနွေနေ့)တွင် ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ဦးနေဝင်း ဖုန်း-၇၃၀၀၃၈၄၉၊ ဦးချစ်ထွေး ဖုန်း-၀၉-၄၉၇၀၂၂၀၂၊ ဦးကျော်စိုး ဖုန်း-၀၉-၅၁၃၄၀၅၅၊ ဦးသိန်းဝင်း ဖုန်း-၀၉-၄၉၂၃၉၉၉၊ ဒေါ်စီစီသင်း ဖုန်း-၀၉-၅၀၃၉၅၆၅၊ ဒေါ်နီလာ ဖုန်း-၀၉-၄၉၂၈၅၈၇၅၊ ဦးလှတင် ဖုန်း-၀၉-၄၉၂၈၃၀၉၂၊ ဒုတိယဗိုလ်မှူးကြီးလှဝင်း(ငြိမ်း) ဖုန်း-၀၅၈၄၀၄၈၁၊ ဒေါက်တာဝင်းမြင့် ဖုန်း-၀၉-၄၉၂၇၆၃၂၅၊ ဦးညီညီလွင် ဖုန်း-၀၉-၄၉၂၉၀၅၃၀၊ ဦးမြင့်ဝေ ဖုန်း-၀၉-၄၉၇၈၂၄၉၉ နှင့် ဦးအောင်မြင့်ထွန်း ဖုန်း-၀၅၈၄၀၂၁၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကတ္တရာလမ်းသစ်ဖွင့်

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရွှေပေါင်လောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းညွှန့် တက်ရောက်အားပေးစဉ်။ (ကြေးမုံ)

ရွှေဘိုအလက(၁) အာစရိယပူဇော်ပွဲကျင်းပ

ရွှေဘို ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အလက (၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁ ရက်တွင်ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဆရာ ဦးကျော်ဇော(လှသိပ္ပံ)က ဆောင်ရွက်ပြီး အငြိမ်းစားဆရာကြီး ဦးခင်အောင်နှင့် ဆရာကြီး ဦးမြင့်မောင်တို့က ဩဝါဒစကားပြောကြားကြပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက လှူဖွယ်ပစ္စည်းများ၊ ကန်တော့ငွေများဖြင့် အသီးသီး ပူဇော်ကန်တော့ကြကြောင်း သိရသည်။ (ကြေးမုံ)

ဥတုရာသီ တောက်ပမိုး၏

မော်စကိုလေဆိပ်၌ အသေခံပုံးဖောက်ခွဲမှု အကြမ်းဖက်သမားနှစ်ဦး ပါဝင်ပတ်သက်ခဲ့

မော်စကို ဇန်နဝါရီ ၂၅

ရုရှားနိုင်ငံ မြို့တော်မော်စကိုရှိ ဒိုမိုဒီဒိုဗာလေဆိပ်၌ ဇန်နဝါရီ ၂၄ရက်က ဖြစ်ပွားခဲ့သော အသေခံပုံးပေါက်ကွဲမှုတွင် အကြမ်းဖက်သမားနှစ်ဦး ပါဝင်ပတ်သက်ခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

ယင်းပုံးပေါက်ကွဲမှု၌ အသေခံပုံးဖောက်ခွဲသူနှစ်ဦးစလုံး သေဆုံးခဲ့ရသည်။

ဒိုမိုဒီဒိုဗာလေဆိပ်၌ ပုံးပေါက်ကွဲမှုကြောင့် ၃၅ဦး သေဆုံးပြီး ၁၃၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

အမျိုးသမီးအကြမ်းဖက်သမားတစ်ဦးက အိတ်တစ်လုံးကို ဖွင့်လိုက်ပြီးနောက် ပုံးပေါက်ကွဲမှု ဖြစ်ပွားကြောင်း၊ ယင်းအမျိုးသမီးနှင့်အတူ အမျိုးသားတစ်ဦးလည်းအတူလိုက်ပါလာခဲ့ပြီး ပုံးပေါက်ကွဲမှုတွင် နှစ်ဦးစလုံး သေဆုံးကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦးက နိုဗိုစတီသတင်းဌာနသို့ ပြောကြားသည်။

လေဆိပ်၏ခန်းမဆောင်အတွင်း ပုံးခွဲရန် ၎င်းတို့ ရည်မှန်းခဲ့ပုံရသော်လည်းမတော်တဆပုံးပေါက်ကွဲခဲ့ခြင်းသို့မဟုတ် အဝေးထိန်းစနစ်ဖြင့် ပုံးဖောက်ခွဲခဲ့ခြင်းဖြစ်နိုင်ကြောင်း လုံခြုံရေး တာဝန်ရှိသူက ပြောကြားသည်။

မြောက်ကော့ကေးဆပ်ဒေသမှ အကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်မှုကို ပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ် မတ်လက မော်စကိုရှိ မြေအောက်ရထားဘူတာရုံ၌ ပုံးဖောက်ခွဲမှုများ ပြုလုပ်ခဲ့ပုံနှင့် ဆင်တူကြောင်း ၎င်းက ပြောကြားသည်။

ပုံးပေါက်ကွဲမှုကြောင့် သေဆုံးရသူများတွင် နိုင်ငံခြားသားရှစ်ဦးပါဝင်ပြီး သေဆုံးရသူများ၏ ပဏာမအမည်စာရင်းကို ရုရှားအရေးပေါ်လုပ်ငန်းများ ဝန်ကြီးဌာနက ထုတ်ပြန်လိုက်သည်။

လေဆိပ်၌ ပုံးပေါက်ကွဲမှုဖြစ်ပွားခြင်းအတွက် လေဆိပ်တာဝန်ရှိသူများတွင် တာဝန်ရှိကြောင်း သမ္မတ ဒီမစ်ထရီမက်ဗီဒက်က ပြောကြားခဲ့သည်။

မော်စကို ဒိုမိုဒီဒိုဗာလေဆိပ်၌ ပုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံတကာ လေကြောင်းခရီးစဉ်များကို လမ်းကြောင်းပြောင်းပျံသန်းစေခဲ့ရသည်။

အင်တာနက်။

ဇန်နဝါရီ ၂၄ရက်က ရုရှားနိုင်ငံ မြို့တော်မော်စကိုရှိ ဒိုမိုဒီဒိုဗာလေဆိပ်၌ ပုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယူနန်ပြည်နယ်၌ အအေးပြင်းထန်မှု ပြည်သူလေးသန်းကျော် ခံစားကြရ

ပေကျင်း ဇန်နဝါရီ ၂၅

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ဆီးနှင်းနှင့် မိုးနှင်းများ ပြင်းထန်စွာ ကျရောက်ခြင်း၊ မိုးသီးများကြွေခြင်းကြောင့် အအေးဒဏ်ကို ပြည်သူ ၄ ဒသမ ၂၆၅သန်း ခံစားနေကြရကြောင်း မြို့ပြရေးရာဝန်ကြီးဌာနက ကြေညာသည်။

အအေးဒဏ်ကြောင့် လူတစ်ဦးသေဆုံးကာ ၄၇၂ ဦးမှာ နာမကျန်းဖြစ်လျက်ရှိကြောင်း မြို့ပြရေးရာဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ယူနန်ပြည်နယ် စီရင်စု ၅၁ ခုမှ လူဦးရေ ၁၁၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ အိမ်အလုံး ၄၅၀၀၀ ကျော်မှာ ရေခဲများ ပိတ်ဖုံးကာ ပြိုကျပျက်စီးခဲ့ရသည်။ စီးပွားရေးအရ ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန် ဒေါ်လာ ၂၃၈ သန်းရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အအေးဒဏ်ခံနေကြရသူများအား မြို့ပြရေးရာဝန်ကြီးဌာနက ကုတ်အင်္ကျီအထည် ၂၀၀၀၀ နှင့် ဂွမ်းစောင် အထည် ၂၀၀၀၀ ကို ပေးပို့ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အမေရိကန်စစ်ဘက်၏ လိင်ပြဿနာများ ကုလစတင်စစ်ဆေး

ဝါရှင်တန် ဇန်နဝါရီ ၂၅

အမေရိကန်ပြည်ထောင်စု၌ အကျဉ်းကျအမျိုးသမီးများအပေါ် နှိပ်စက်ညှဉ်းပန်းမှုများနှင့် စစ်ဘက်ဝန်ထမ်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများ ရှိနေကြောင်း တိုင်ကြားခြင်းကို ကုလသမဂ္ဂက စတင်စုံစမ်းပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အမျိုးသမီးများကို အကြမ်းဖက်မှု စုံစမ်းစစ်ဆေးရေးဆိုင်ရာ ကုလတာဝန်ရှိသူ ရာရှီဒါ မန်ဂျို။

အမျိုးသမီးများကို အကြမ်းဖက်ခြင်းအား စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂက အထူးခန့်အပ်ခဲ့သည့် ရာရှီဒါ မန်ဂျိုသည် အချက်အလက်ရှာဖွေရန်ဝါရှင်တန်မြို့တော်သို့ ဇန်နဝါရီ ၂၃ရက်က ရောက်ရှိသည်။ ၎င်းသည် အမေရိကန် ပြည်သူ့အခွင့်အရေးသမဂ္ဂ(အေစီအယ်လ်ယူ)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

နှစ်ပတ်ကြာမြင့်မည့် ခရီးစဉ်အတွင်း ၎င်းသည် အမေရိကန်အစိုးရတာဝန်ရှိသူများ၊ လွှတ်တော်အမတ်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ တွေ့ရှိချက်များကို ယခုနှစ်ကုန်ပိုင်းတွင် အစီရင်ခံစာထုတ်ပြန်မည်ဖြစ်သည်။

စစ်ဘက်အတွင်းဖြစ်ပွားခဲ့သည့် လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုမှတ်တမ်းများအား ထုတ်ပြန်ပေးရန် အမေရိကန်စစ်ဌာနချုပ်က ငြင်းဆိုသည့်အတွက် အေစီအယ်လ်ယူက ဒီဇင်ဘာလတွင် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

ဂျာမန်သင်္ဘောတစ်စင်းကို ဆိုမာလီ ပင်လယ်ဓားပြများ ပြန်ပေးဆွဲ

ကိဗ် ဇန်နဝါရီ ၂၅

နိုင်ငံစုံမှ သင်္ဘောသားများလိုက်ပါသည့် ဂျာမနီနိုင်ငံမှ အမ်ဗွီဘီလူဂါနော်မီနေးရှင်းအမည်ရှိ သင်္ဘောကို အာရေဗီးယန်းပင်လယ်ပြင်၌ ဆိုမာလီပင်လယ်ဓားပြများက ဇန်နဝါရီ ၂၄ရက်တွင် ပြန်ပေးဆွဲသွားသည်။

အဆိုပါ သင်္ဘောကို ဆေးရှဲလ်ကျွန်းမှ ၆၂မိုင်ဝေးသော အာရေဗီးယန်း ရေပြင်တွင် ပင်လယ်ဓားပြတို့က ဝင်ရောက်စီးနင်းတိုက်ခိုက်ကာ ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်သည်။

အဆိုပါ သင်္ဘောပေါ်တွင် ယူကရိန်း၊ ဖိလစ်ပိုင်နှင့် ရုရှားနိုင်ငံတို့မှသင်္ဘောသား ၁၂ ဦး စီးနင်းလိုက်ပါလာသည်ဟု ဆိုသည်။ မည်သည့်နိုင်ငံမှ ဦးရေမည်မျှလိုက်ပါလာသည်ကိုမူ ဖော်ပြခြင်း မရှိချေ။

၂၀၁၀ ခုနှစ်အတွင်း ဆိုမာလီပင်လယ်ဓားပြတို့၏ ပြန်ပေးဆွဲခံရသော သင်္ဘောသားဦးရေမှာ ၁၂၀၀ ခန့်ရှိပြီး အိန္ဒိယသမုဒ္ဒရာတွင် အများဆုံးပြန်ပေးဆွဲခံခဲ့ရကြောင်း နိုင်ငံတကာ ရေကြောင်း ဗျူရို၏ စာရင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အကြီးဆုံးကျောက်ခေတ်အဆောက်အအုံ တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ တွေ့ရှိ

စီအန်း ဇန်နဝါရီ ၂၅

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်စီပြည်နယ်၌ အကြီးဆုံး ကျောက်ခေတ်အဆောက်အအုံပျက်ကို တွေ့ရှိကြောင်း၊ ယင်းအဆောက်အအုံသည် သမိုင်းမတင်မီ ခေတ်က မြို့တော်ခန်းမတစ်ခုဖြစ်နိုင်သည်ဟု ယူဆရကြောင်း သိရသည်။ ဘီစီ၅၀၀၀မှ၃၀၀၀ကြားကာလ ကျောက်ခေတ်သစ်ရှိ ယန်ရှောင်ယဉ်ကျေးမှု ခေတ်နောက်ပိုင်း တည်ဆောက်ထားသော ပဉ္စဂံပုံ အဆောက်အအုံအပျက်ကို ပေရှုစီရင်စု၌တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါအဆောက်အအုံသည် ၃၆၄ စတုရန်းမီတာ ကျယ်ဝန်းပြီး လူဦးရေ ရာနှင့်ချီ၍ လက်ခံနိုင်ကြောင်း၊ တစ်ချိန်တစ်ခါက အစည်းအဝေးခန်းမအဖြစ် အသုံးပြုခဲ့ဟန်တူကြောင်း ရှန်စီ ရှေးဟောင်းသုတေသနသိပ္ပံမှ ပညာရှင်တစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကိုယ့်ကိုယ်ကိုယ်သေကြောင်း ကြံစည်သူ အမျိုးသမီးကို ၎င်းပြုတ်ကျခဲ့သည့် အငှားယာဉ်ပေါ်၌ တွေ့ရစဉ်။

၂၃ ထပ်မှ ခုန်ချသူ ကားအမိုးပေါ်ကျ၍ အသက်မသေ

ဗျူနိုအေးရိစ် ဇန်နဝါရီ ၂၅

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရိစ်မြို့၌ အမျိုးသမီးတစ်ဦးသည် ဟိုတယ်တစ်လုံး၏ ၂၃ထပ်အမြင့်မှအင်္ဂါနေ့က ခုန်ချခဲ့ရာ အောက်၌ ရပ်ထားသည့် အငှားကားတစ်စီးပေါ်သို့ကျပြီး သေဆုံးခြင်းမရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ကားမောင်းသူက ကားထဲမှ ထွက်ပြီးစဉ်မှာပင် အမျိုးသမီးက ယာဉ်မောင်းဘက်ခြမ်း ကားခေါင်မိုးပေါ်သို့ ထိုင်လျက်အနေအထားဖြင့် ကျလာခဲ့သည်။ အရှိန်ဖြင့်ကျလာသည့်အတွက် ခေါင်မိုးမှာ ပိန်ချိုင့်သွား၍ ကားရှေ့မှန်မှာ အစိတ်အစိတ် အမြွှာမြွှာကွဲသွားသည်ဟု ဆိုသည်။

ကရောင်းပလာဇာပါနာမီရီကာနိုဟိုတယ်ပေါ်မှ အမျိုးသမီးတစ်ဦးပြုတ်ကျလာသည်ကို ရဲတပ်ဖွဲ့ဝင်တစ်ဦးက မော့ကြည့်နေခြင်းအား တွေ့ရသဖြင့် အန္တရာယ်ကင်းစေရန် ကားထဲမှ လျင်မြန်စွာ ထွက်ခဲ့ရကြောင်း အငှားကားမောင်းသူက ပြောသည်။

၎င်းကို၎င်း သေကြောင်းကြံစည်ခဲ့သည့် အသက် (၃၃) နှစ်ရှိ အဆိုပါ အမျိုးသမီးကို ဆေးရုံအထူးကြပ်မတ်ကုသဆောင်၌ ဆေးကုသထားကြောင်း တဲလ်လန်းသတင်းဌာနက ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ။**

မနီလာ၌ ဘတ်စ်ကားပေါ်ပုံးပေါက်ကွဲမှု စုံစမ်းစစ်ဆေးရန် သမ္မတ ညွှန်ကြား

မနီလာ ဇန်နဝါရီ ၂၅

ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာ၌ ဘတ်စ်ကားတစ်စီးပေါ် ပုံးပေါက်ကွဲသည့် ဖြစ်ရပ်နှင့်ပတ်သက်၍ ချက်ချင်းစုံစမ်းစစ်ဆေးရန် သမ္မတ ဘီနစ်ဂိုအကွီနိုက ဇန်နဝါရီ ၂၅ရက်တွင် ညွှန်ကြားလိုက်သည်။

မြို့တော် မနီလာ၏ ဘဏ္ဍာရေးလုပ်ငန်းများ ဗဟိုပြုရာ ရပ်ကွက်တွင် ဇန်နဝါရီ ၂၅ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီ မိနစ် ၅၀ က ခရီးသည်တင် ဘတ်စ်ကားတစ်စီးပေါ် ပုံးပေါက်ကွဲခဲ့ရာ လေးဦးသေဆုံးခဲ့ရပြီး ၁၄ဦး ဒဏ်ရာရရှိခဲ့သည်။

ကွယ်လွန်သူ သမ္မတ ကိုရာဇန်အကွီနို၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားများကို နိုင်ငံတစ်ဝန်း ဆင်နွှဲနေချိန်ကာလအတွင်း ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။

စုံစမ်းဆဲ

ဘတ်စ်ကားပေါ် ပုံးပေါက်ကွဲမှုသည် အကြမ်းဖက်သမားများ၏ လက်ချက်ဖြစ်နိုင်သည်ဟုယူဆရသည်။ သို့ရာတွင် သမ္မတက စုံစမ်းစစ်ဆေးမှု ပြုလုပ်နေဆဲကာလ၌ ဝေဖန်ပြောကြားခြင်းမရှိပေ။ ဘတ်စ်ကား၏ အလယ်ပိုင်းနေရာမှ ပေါက်ကွဲမှုဖြစ်ပေါ်ခြင်းကို ကြည့်ခြင်းဖြင့် ခရီးသည်ထိုင်ခုံတစ်လုံးအောက်၌ ပုံးထောင်ထားခဲ့ခြင်း ဖြစ်နိုင်ကြောင်း မြို့တော် ရဲတပ်ဖွဲ့ညွှန်ကြားရေးမှူး ဘာတိုလိုမီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဂရိ၌ A/H1N1 တုပ်ကွေးရောဂါဖြစ်ပွား

အေသင် ဇန်နဝါရီ ၂၅

ယခုနှစ်ယခုအချိန်အထိA/H1N1တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ဂရိနိုင်ငံတွင် ခြောက်ဦးသေဆုံးကြောင်း ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက တနင်္လာနေ့တွင် အတည်ပြုပြောကြားသည်။

တုပ်ကွေးရောဂါကြောင့် လွန်ခဲ့သောရက်သတ္တပတ်အတွင်း လူသေဆုံးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဗိုင်းရပ်စ်ပိုးများ ကူးစက်ပျံ့နှံ့မှုကြောင့် သေဆုံးမှုများ ထပ်မံပေါ်ပေါက်နိုင်ကြောင်း ဂရိနိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ကုသရေးပညာရှင်များက ပြောကြားသည်။ ယခုနှစ် နောက်ဆုံးနှင့် အငယ်ဆုံးသေဆုံးသူသည် အေသင်မြို့မှ (၁၄)နှစ်အရွယ်မိန်းကလေးတစ်ဦးဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ပုသိမ်တက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် သီးနှံစိုက်ပျိုးမှု စွမ်းဆောင်ရည်ဆုနှင့် အထွေထွေအရပ်ရပ်ဆိုင်ရာ ဆုချီးမြှင့်ပွဲ အခမ်းအနားများသို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၅

ပုသိမ်တက္ကသိုလ်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ပုသိမ်တက္ကသိုလ် ကန်သာယာခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၂၀ ရက်တွင် ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမ၌ ကျင်းပသော သီးနှံစိုက်ပျိုးထုတ်လုပ်မှု စွမ်းဆောင်ရည်ဆုနှင့် အထွေထွေအရပ်ရပ်ဆိုင်ရာ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးစွမ်းဆောင်နိုင်မှု ခရိုင်ဆု၊ အကောင်းဆုံးစွမ်းဆောင်နိုင်မှု မြို့နယ်ဆု၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ နိုင်ငံတော်အဆင့်ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့တွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကဏ္ဍအလိုက် ဆုရရှိသူများကိုယ်စား ဆရာမတစ်ဦးနှင့် တောင်သူတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် တိုင်းမှူးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချီးမြှင့်ပေးအပ်

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု စွမ်းဆောင်ရည်ဆုနှင့် အထွေထွေအရပ်ရပ်ဆိုင်ရာ ဆုများ ချီးမြှင့်ပေးအပ်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "ဆရာတော်ဓမ္မဓရအရှင်ကုမာရ ဟောကြားတော်မူသော" တရားတော်
- ၆:၄၀ ပုခန်းကြီးရွှေဟောင်း ကျောင်းတော်ကြီး
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၅)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၂)**
- ၈:၄၀ Activities In The City (မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ)
- ၈:၅၀ ဟသ်ာတစက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်ပွဲအခမ်းအနား
- ၉:၀၀ Parkway Health မှ ကင်ဆာရောဂါများဆိုင်ရာဆွေးနွေးခြင်း
- ၉:၃၀ အားကစားမြင်ကွင်းစုံ (ဦးစိုးမြင့်လွင်၊ ဦးချစ်ဝင်းမောင်၊ ဝေမင်းမောင်)
- ၁၀:၀၀ ပန်းပျိုးလက်များ
- ၁၀:၁၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၀:၄၀ ဓာတ်ပုံထဲမှအမှတ်တရများ (အကယ်ဒမီများရှင် ဝါဝါဝင်းရွှေ၏ ဓာတ်ပုံထဲမှအမှတ်တရများ) (အပိုင်း-၁)
- ၁၁:၁၀ သင်ယူလေ့လာဂီတပညာ (Left Hand Style)(Part-7)
- ၁၁:၂၅ ရန်ကုန်မြင်ကွင်းကျယ် (A21 nex ပစ္စည်းသစ်မိတ်ဆက်ပွဲနှင့် Next Big Thing Fashion Gala)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ Activities In The City (Grace Beauty Spa & Fashion Shop ဆိုင်ဖွင့်ပွဲအခမ်းအနား)
- ၁၂:၂၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ကရင်ငါးရံ့ဆန်ပြုတ်၊ ဘောစကိုင်းမျှစ်နုသုပ်၊ အသားဖတ်ထောင်း)
- ၁၂:၄၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Unique Collection)
- ၁:၀၀ "ဆရာတော်ဓမ္မဓရအရှင်ကုမာရ ဟောကြားတော်မူသော" တရားတော်
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနုပန်း (နောက်ဆံတင်းတာကောင်းတယ်၊ နောက်ဆံမတင်းတာကောင်းတယ်)
- ၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၅)**
- ၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၂)**
- ၄:၅၀ အလှအပနှင့်ဘဝအောင်မြင်မှု (အပိုင်း-၂) (ပါမောက္ခဒေါက်တာချစ်စိုး၊ ဦးကိုကိုထွေး၊ ပန်းချီဝင်းဖေမြင့်၊ တင်မိုးလွင်)
- ၅:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သင်ကြားရေးလမ်းညွှန် (M.C.T.S Myanmar Computer Training School)
- ၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၆)**
- ၇:၁၅ Cartoon Show Time (ALPHA AND OMEGA)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Activities In The City (Yangon Media Group ၏ ဆဌမအကြိမ်မြောက်နှစ်ပတ်လည် အခမ်းအနား)
- ၈:၄၀ နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (နွေးထွေးတဲ့မိသားစုအတွက် သံလွင်လမ်းက High View Villa)
- ၉:၀၀ Celebrity Style (မယ်လိုဒီ)
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၃)**
- ၁၀:၁၀ ဖန်တီးသူနှင့်အနုပညာ (ချမ်းချမ်း) (အပိုင်း-၂)
- ၁၀:၄၀ မျက်စိအမြင်ရှင်သန်ရေးပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်ပေး
- ၁၀:၅၀ ဖက်ရှင်လမ်းညွှန် (EMO & GOTHIC FASHION)
- ၁၁:၁၅ နှယ်မြက်သစ်ပင်ဆေးဖက်ဝင် "ထူး"တိုင်းရင်းဆေးလည်းပါဝင်
- ၁၁:၂၅ World of Knowledge (Mega Fish)
- ၁၂:၁၅ ဂီတစာဆိုဆရာမျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ(အပိုင်း-၂)
- ၁၂:၃၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် (လက်ဆောင်ပန်းစည်းထုပ်ပိုးနည်း)
- ၁:၀၀ လောကရဲ့အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
- ၁:၁၅ လှပသစ်ဆန်းအလှပြင်ခန်း (i Hair & Beauty Spa)
- ၁:၃၅ ထူးထူးခြားခြားသစ်ခေါက်ပန်းချီကား
- ၁:၄၅ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၂)
- ၂:၁၅ မြန်မာစာ၊ မြန်မာစကား
- ၂:၃၀ လှပချစ်စရာလက်မှုအနုပညာ (Candy Brown)
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏ တစ်သက်စာဝိပဿနာ
- ၄:၃၀ မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
- ၄:၅၀ သာသနာပျိုးခင်း
- ၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Liverpool -Fulham	ESPN (Live)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၅

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၄)တွင် အစိုးရသစ်နှင့်လူသားအရင်းအမြစ် မျက်နှာဖုံးသတင်းဆောင်းပါး၊ အကယ်ဒမီမြင်ကွင်းပုံရိပ်များ အချပ်ပိုအပါအဝင် စာမျက်နှာများများဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် အရှေ့တောင်အာရှတွင် အကြီးဆုံးဖြစ်လာမည့် ထားဝယ်အထူးစီးပွားရေးစက်မှုဇုန်ကြောင့် မြန်မာလူမျိုးသန်းနှင့်ချီ၍ အလုပ်အကိုင်အခွင့်အလမ်းရရှိစေနိုင်ဟုဆို၊ Asian Wings လေကြောင်းလိုင်း စင်းလုံးငှားဝန်ဆောင်မှုပေးမည်၊ မြန်မာသင်္ဘောသားများဆိုမာလီဓားပြများလက်မှ ပြန်လည်လွတ်မြောက်၊ သီရိမင်္ဂလာဈေးသစ် ယာဉ်ရပ်နားချိန်ကန့်သတ်လိုက်၍ ရပ်နားစရိတ် ခြောက်ဆအထိမြင့်တက်လာ၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ကျောင်းသားများ သတိပြုဖွယ်ကျန်းမာရေး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ဟာသနှင့် သူတို့အမြင်အကြောင်း၊ ကားရိုက်တွေ အနုပညာအရည်အသွေးပြည့်ဝမှ ပြန်ရိုက်ဖို့ စဉ်းစားထားတယ် ခင်နန်းထိုက်နှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍများ၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

တရုတ်-အမေရိကန် နှစ်ပြည်ထောင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ်စတင်၊ တောင်ကိုရီးယား ကျောင်းသား၊ ကျောင်းသူများ မရိန်းတပ်ထဲသို့ အုပ်စုဖွဲ့၍ အစုလိုက်အပြုံလိုက် ဝင်ရောက်၊ ၂၀၃၀ ပြည့်နှစ်တွင် အာဆီယံဒေသတွင်း၌ ကမ္ဘာ့ဖလား လက်ခံကျင်းပနိုင်ရေးဆွေးနွေး၊ အမျိုးသမီး ကွန်ဂရက်အမတ် သေနတ်ပစ်ခံရမှုတွင် ကန်နိုင်ငံ၏ ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ အကြမ်းဖက် တိုက်ခိုက်ခံရသည့်နေ့၌ မွေးဖွားသည့် ကိုးနှစ်အရွယ်မိန်းကလေး တစ်ဦးလည်းသေဆုံး မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင် အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေးကဏ္ဍ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

ကျောက်တန်းမြို့နယ် တံတားမြို့အလက၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၀ ရက်က အဆိုပါကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ (၁၄)နှစ်ဆက်တိုက် ခွင့်ရက်မပျက်ဆုရရှိသော အလယ်တန်းပြဆရာမ ဒေါ်ခင်သစ်လွင်အား ကျောင်းအုပ်ဆရာကြီး ဦးသိန်းမြင့် ဆုချီးမြှင့်စဉ်။

(ပညာရေး)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

[၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၇)ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂဇယမင်္ဂလ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၀၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၈။ "ရင်နှစ်ပန်းတို့လန်းစေချင်"
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(မြန်မာမှုပညာ အထူးပြု) (မြန်မာမှုပညာ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၆။ သီချင်းကြီးပဒေသာ
- ၅:၁၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၂၀ ၈။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ မြန်မာ့ဝေလေ့ရိုးရာလက်ဇွေ့
- ၆:၄၅ ၁၂။ ရွှေရင်ခုန်သံ
- ၇:၁၅ ၁၃။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇:၄၅ ၁၄။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ" (အပိုင်း-၁၀)
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၃၀)**
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"အိပ်မက်အပိုင်ခွဲ(၉)" (ခန့်စည်သူ၊ နန္ဒာလှိုင်) (ဒါရိုက်တာ-အောင်ဩဘာ)**
- ၂၁။ အစီအစဉ်ပြီး၏။

မန္တလေးမြို့တွင် Rammar Chariot Micro Bus မော်တော်ယာဉ် နှစ်သစ်ကူးအထူးဈေးရောင်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ဇန်နဝါရီ ၂၈ ရက်မှ ၃၁ ရက်အထိ မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည့် ကုန်စည်ပြပွဲကြီး၌ Chariot Micro Bus မော်တော်ယာဉ်များကို ဈေးနှုန်းလျှော့ချရောင်းချပေးမည် ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ထင်ရှားသော ကုန်အမှတ်တံဆိပ်များ၏ လူသုံးကုန်များနှင့် စက်ပစ္စည်းအမျိုးမျိုးကိုလည်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကာလအတွင်း ရမ္မာမော်တော်ယာဉ်များကို ယခင်ရောင်းဈေးထက် ငွေကျပ်သိန်း ၈၀ ဈေးလျှော့ပြီး Grade-I ငွေကျပ်သိန်း ၅၅၀၊ Grade-II ငွေကျပ်သိန်း ၅၀၀နှင့် Grade-III ငွေကျပ်သိန်း ၄၅၀ သတ်မှတ်ရောင်းချမည် ဖြစ်ကြောင်း သိရသည်။

ရွှေ၊ ငွေ၊ ဖြူ၊ ပြာ၊ နက်နှင့် အောက်ခံခဲရောင်ပတ် ဒီဇိုင်းအပါအဝင် ၁၀ မျိုးပွဲထုတ်ပြသမည်ဖြစ်ရာ ဝယ်ယူပြီး မော်တော်ယာဉ်များကို အချိန်စောင့်စရာမလိုဘဲ ချက်ချင်းထုတ်ပေးသွားရန် စီစဉ်ထားကြောင်းနှင့်လိုင်စင်ဝင်ရန် နေ့ချင်းပြီး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရမ္မာမော်တော်ယာဉ်များ ပြင်ဆင်ပြုပြင်ခြင်းကို တစ်နှစ်အာမခံဖြင့် ပြင်ဆင်ပြုပြင်ပေးမည်ဖြစ်ပြီး ဆက်သွယ်ဝယ်ယူလိုပါက အမှတ်(၅၃/၅၄) စက်ဆရာဦးထွန်းလမ်း ရွှေပြည်သာစက်မှုဇုန်(၄) အင်းစိန်မြို့နယ် ရန်ကုန်မြို့သို့ ကိုယ်တိုင်လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း၊ ဖုန်း-၆၁၈၃၇၇၇နှင့် ၆၁၈၃၈၈၊ ဖက်စ် -၆၁၈၃၂၂၊ E-mail: rammarcar@goldenland. com. mm နှင့် Website: www. rammarautomobile. com.mm သို့လည်း ဆက်သွယ်ဝယ်ယူဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဖျာပုံ အမှတ်(၇)တောင်ပိုင်း မူလတန်းကျောင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ဖျာပုံ ဇန်နဝါရီ ၂၅

ဖျာပုံမြို့ (၅)လမ်း အမှတ်(၇)တောင်ပိုင်း အခြေခံပညာမူလတန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အငြိမ်းစားသက်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖျာပုံမြို့နယ် ဆရာမဒေါ်ခင်မာစော ဖုန်း-၀၄၅-၄၁၀၁၇၊ ဆရာဦးသိန်းထွန်း တောင်ပိုင်းကျောင်း၊ ကိုကျော်နိုင်လင်း ဖုန်း-၀၉-၈၅၀၂၃၇၄၊ ကိုသန့်ဇင် ဖုန်း ၀၄၅-၄၁၄၁၈၊ ၀၄၅-၄၀၁၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၆၈)

ဝန်ကြီး ဦးလှထွန်းအား ကမ္ဘာ့ဘဏ် အရှေ့တောင်အာရှ မဲပေးအုပ်စု၏ အမှုဆောင်ဒါရိုက်တာ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား ကမ္ဘာ့ဘဏ် အရှေ့တောင်အာရှမဲပေးအုပ်စု၏ အမှုဆောင်ဒါရိုက်တာ Mr. Hekinus MANAO နှင့် Country Director Ms. Annette Marine Dixon တို့သည် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြပြီး ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား ကမ္ဘာ့ဘဏ် အရှေ့တောင်အာရှ မဲပေးအုပ်စု၏ အမှုဆောင်ဒါရိုက်တာ Mr. Hekinus MANAO နှင့် Country Director Ms. Annette Marine Dixon တို့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အက်စ် အမ် ကရစ်ရှနားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာကယ်ဗင် မိုက်ကယ်လ်ရာ့ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

သုံးခွမြို့နယ် ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ၂၀၁၁ခုနှစ် မြို့နယ်ဥက္ကဋ္ဌဖလား အလွတ်တန်း ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သုံးခွမြို့ ဘုရင့်နောင် အားကစားကွင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြို့နယ်အားကစားကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်း ၂၉ သင်းမှ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ကွင်းဖွင့်ပွဲတွင် သိုက်တူးကန် စံပြကျေးရွာ ဘောလုံးအသင်းနှင့် ပဒတ္တိုင်းကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သိုက်တူးကန်စံပြကျေးရွာဘောလုံးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သုတဘဏ်စာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် သုတဘဏ်စာတမ်းဖတ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် ဒုတိယထပ်ရှိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က စာတမ်းနှင့် စပ်လျဉ်း၍ မိတ်ဆက်ပြီး အခမ်းအနားမှူး ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)က စာတမ်းရှင်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် စာတမ်းရှင် မော်ဝန်းကြည်မြတ်က "အဝေးရောက်မင်းကြီး ဦးအောင်ကြီး၏ ထုပ္ပတ်အကျဉ်းနှင့် စာပေ၊ ဂီတ၊ ကဗျာ၊ အလင်္ကာ" စာတမ်းကို ဖတ်ကြားတင်ပြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ဖြေကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ကျေးဇူးတင်စကားပြောကြားပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် အဝေးရောက်မင်းကြီး ဦးအောင်ကြီး ရွတ်ဆိုခဲ့သည့် မော်ကွန်း၊ လူးတား၊ ရကန်၊ အန်ချင်းနှင့် လေးချိုးကြီးများကို မဟာသဒ္ဒမ္မဇောတိကဓဇ လူမှုထူးချွန်(ပထမဆင့်) မဟာဂီတပညာရှင် ဦးထွန်းရွှေက စောင်းဦးအောင်သန်းနှင့် တွဲဖက်၍ သီဆိုခဲ့သည်။

(သတင်းစဉ်)

သုတဘဏ် စာတမ်းဖတ်ပွဲတွင် စာတမ်းရှင် မော်ဝန်းကြည်မြတ် စာတမ်းဖတ်ကြား တင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတကာ အစားအစာချက်ပြုတ်နည်း သင်တန်းသစ်ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

နိုင်ငံတကာ Hotel များ၊ Restaurant များနှင့်အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းများတွင် ကျွမ်းကျင်စွာလုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ်ပြင်ဆင်နည်းသင်တန်း)သင်တန်း အပတ်စဉ်အသစ်ကို ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလအတွင်း International Hotel များ၊ Restaurant များရှိ Kitchen ပိုင်းတွင် ချက်ပြုတ်သော အနောက်တိုင်းအစားအစာ၊ အရှေ့တိုင်းအစားအစာ ဟင်းပွဲများပြုလုပ်ပြင်ဆင်နည်း၊ အလှဆင်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ စားသုံးသူများ ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးနိုင်ရန်အတွက် ဘေးကင်းမှု Food Safety၊ Quality Management of Kitchen Operation စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သောအကူအညီများ အခမဲ့ ကူညီပေးသွားမည်ဖြစ်သည်။

နိုင်ငံတကာ ဟိုတယ်ကြီးများတွင် အလုပ်အကိုင် ရရှိရန်အတွက်လည်း အခမဲ့ကူညီပေးသည်။ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ၊ Pre interview များကို လေ့ကျင့်ပေးသည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် ဇန်နဝါရီ နောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၁၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၅၂၃၆၂၃ နှင့် ၅၂၃၂၀၀ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

ဒဂုံ(ဆိပ်ကမ်း)မြို့နယ် အမှတ်(၁) စံပြ အခြေခံပညာမူလတန်းကျောင်း စုဝေးခန်းမ၌ ဇန်နဝါရီ ၃ ရက်က ကျင်းပသည့် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် တိုင်းအဆင့် အခြေခံပညာကျောင်းပေါင်းစုံ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများပြိုင်ပွဲ အတွဲ (၁/၂) အထူးဆုအား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ခင်မြင့် ကျောင်းအုပ်ဆရာကြီး ဦးသာဒင်ထံ ပေးအပ်စဉ်။

(ပညာရေး)

ဆုချီးမြှင့်

တွံတေးမြို့နယ် အလယ်ချောင်း အလက၏ ပညာရေးစုံညီပွဲတော်၌ ကမ္ဘာ့ဆရာများနေ့ စာစီစာကုံးပြိုင်ပွဲ မြို့နယ်အဆင့် ပထမဆုရရှိသော သတ္တမတန်းမှ မောင်လှိုင်သူအောင်အား ကျောင်းအုပ်ဆရာကြီး ဦးမြတ်ဝေတိုး ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ကြေးမုံ)

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လေ့လာရေးအပန်းဖြေခရီးသွားမည်

ရန်ကုန် ဇန်နဝါရီ ၂၅

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်၊ ချောင်းသာ လေ့လာရေးအပန်းဖြေခရီးကို ဖေဖော်ဝါရီ ၅ ရက်တွင် တစ်ညအိပ်ခရီးသွားမည်ဖြစ်ရာ လိုက်ပါလိုသူများနှင့် လှူဒါန်းလိုသူများသည် လေ့လာရေးအဖွဲ့ ခေါင်းဆောင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ၊ တောင်တွင်းကြီး) ဖုန်း-၆၄၇၁၆၃၊ ဦးဘုန်းဝေ(ဒါရိုက်တာဘုန်းဝေ) ဖုန်း-၆၄၇၁၁၉၊ ဦးစိုးဝင်းမောင်(ရွှေတိုက်စိုး) ဖုန်း-၀၉-၈၆၁၁၂၈၁ နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးတို့တွင် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြို့နယ်စာပေနှင့် စာနယ်ဇင်း)

ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ပထမပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

International Tennis Federation (ITF) ၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ပထမပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

အကြိုဗိုလ်လုပွဲတက်

ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းကွာတားဖိုင်နယ်ပြိုင်ပွဲတွင် နီလာဝင်း(မြန်မာ)က Hemba Waduge (သီရိလင်္ကာ)ကို နှစ်ပွဲပြတ်ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။

ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီခွဲတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

သမဝါယမဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ အသင်းစုချုပ်ဥက္ကဋ္ဌများ၊ ပြည်နယ်/တိုင်းဒေသကြီး သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ သမဝါယမကောလိပ်ကျောင်းအုပ်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက လက်ရှိလုပ်ကိုင်လျက်ရှိသော လုပ်ငန်းများမှ အားသာချက်များကို သယ်ဆောင်ပြီး အားနည်းချက်များကို ပြုပြင်လုပ်ကိုင်သွားကြရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများတွင် သမဝါယမသည် အဓိကနေရာမှ ပါဝင် လုပ်ဆောင်ရမည်ဖြစ်သဖြင့် သမဝါယမအသင်းများ ကျစ်လျစ်ခိုင်မာရေး၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရေး၊ လုပ်ငန်းဆိုင်ရာ ပညာပေးရေး စသည်များကို စနစ်ကျစွာ လုပ်ဆောင်နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ ဗဟိုသမဝါယမအသင်းနှင့် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက ဗဟိုသမဝါယမအသင်း၏ လုပ်ငန်းများနှင့် CB Bank ၏ လုပ်ငန်းများ စနစ်တကျဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီး သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သမဝါယမဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း တင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက သုံးသပ်ဆွေးနွေးကာ လုပ်ငန်းညွှန်ကြားချက်များ ချမှတ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ် သမဝါယမဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူး၍ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

CEO စီးပွားရေးနှင့်စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူး၍ "ရှေးမြန်မာသူရဲကောင်းများ၏ စီမံခန့်ခွဲမှု ပုံစံများ" Seminar ကို ဇန်နဝါရီ ၂၂ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ Chatrium ဟိုတယ်၌ ကျင်းပရာ Smart Technical Services မန်နေဂျင်းဒါရိုက်တာဦးကျော်ကျော်လှိုင်က ဟောပြောပြီး CEO မဂ္ဂဇင်း၏ နှစ်စဉ်ကြေး ပေးသွင်းဖတ်ရှုသူများ၊ ကုမ္ပဏီအသီးသီးရှိ မန်နေဂျာများ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို The Hotel @ Tharabar Gate နှင့် Pan တို့က ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာ (အငယ်တန်း အင်ဂျင်နီယာ-၂) ဦးဝင်းမြင့်နှင့် (အငယ်တန်း အင်ဂျင်နီယာ-၂) ဒေါ်တင်တင်စိုးတို့ ဇန်နဝါရီ ၁၃ ရက်က ချောင်းဦး-အမြင့်လမ်းပေါ်ရှိ တံတားငါးစင်း၏ ကြံ့ခိုင်မှု အခြေအနေကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ရခိုင်သဟာယအသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရခိုင်သဟာယအသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာ ရုံ၌ ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်နှင့် အထက် အသင်းနာယကများ၊ အသင်းအလုပ်အမှုဆောင်များ၊ အသက် (၈၀)နှင့် အထက် အသင်းဝင်များသည် အသင်းဝင်ကတ်၊ သက်ဆိုင်ရာ အထောက်အထားများဖြင့် ဖေဖော်ဝါရီ ၉ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ အမှတ်(၁၁၅)(ပထမထပ်၊ ညာ) သမိန်ဗရမ်းလမ်း တာမွေမြို့နယ် ရန်ကုန်မြို့ရှိ အသင်းရုံးသို့ ပေးပို့ကြရန်နှင့် အလှူငွေများကို အသင်းရုံး ဖုန်း-၄၃၀ ၁၇၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကင်းမြို့နယ် အမက(၁၃) ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့် မြို့နယ်အဆင့် ဘာသာစုံ ပထမရရှိသူ စတုတ္ထတန်းမှ မနှင်းသစ္စာဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

လေးမြွှာပူး ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့

သတင်းမှတ်စု- နိုင်လင်းကြည်

ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)

အမှတ်(၂)တပ်မတော် သားဖွားမီးယပ်နှင့်ကလေးဆေးရုံ ခုတင်(၃၀၀) (နေပြည်တော်)၌ လေးမြွှာပူးသန္ဓေတည်သည့် ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထူးခြားလှသော လေးမြွှာပူး မွေးဖွားခြင်းနှင့် အမှတ်(၂)တပ်မတော် သားဖွား မီးယပ်နှင့် ကလေးဆေးရုံ ခုတင်(၃၀၀)(နေပြည်တော်)၏ ကျန်းမာရေးစောင့်ရှောက်မှုများကို အများပြည်သူတို့ သိစေလိုသော ဆန္ဒဖြင့် သွားရောက် သတင်းရယူသည်။

ဦးစွာ တွေ့ဆုံခဲ့ရသော သားဖွားမီးယပ်ပါရဂူ ဗိုလ်မှူး မိုးကျော်ထွန်းက

သားဖွား မီးယပ်ပါရဂူ ဗိုလ်မှူး မိုးကျော်ထွန်း ရှင်းပြစဉ်။

"ဒီဆေးရုံရဲ့ သက်တမ်းက ငါးနှစ်ရှိသွားပါပြီ၊ ၂၀၁၀ ခုနှစ် အောက်တိုဘာလက သုံးမြွှာပူး ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကို အောင်မြင်စွာ မွေးဖွားပေးခဲ့ပြီး အခုလို လေးမြွှာပူးမွေးဖွားခြင်းဟာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ လေးမြွှာပူး မွေးဖွားခဲ့တဲ့ မိခင်မှာလည်း ဆေးဝါးများ အကူအညီဖြင့် သန္ဓေတည်ခြင်းမျိုး မဟုတ်ဘဲ သဘာဝအလျောက် သန္ဓေတည်၍ မွေးဖွားလာခြင်း ဖြစ်ပါတယ်။ အခုလို မိခင်ရောကလေးပါ ကျန်းမာရေးကောင်းမွန်စွာတွေ့ရခြင်းဟာ ကိုယ်ဝန်ကို ဆေးရုံသို့ စောစီးစွာအပ်နှံခဲ့ခြင်းရဲ့ အကျိုးရလဒ်တွေဖြစ်ပါတယ်။

"လေးမြွှာပူး ကလေးများကိုလည်း ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် နံနက် ၈ နာရီ ၁၉ မိနစ်မှ မိနစ် ၄၀ အတွင်း အောင်အောင်မြင်မြင်နဲ့ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပါတယ်။ လေးမြွှာပူးမှာ ယောကျ်ားလေးသုံးယောက်နှင့် မိန်းကလေး တစ်ယောက်ဖြစ်ပြီး မိန်းကလေးမှာ တတိယမြောက်ကလေး ဖြစ်ပါတယ်။ ကလေးများရဲ့ ကိုယ်အလေးချိန်မှာလည်း ပထမ ကလေးနှင့် ဒုတိယကလေးမှာ ၄ ပေါင် ၁၃ အောင်စ၊ တတိယကလေးမှာ ၄ ပေါင် ၈ အောင်စနှင့် စတုတ္ထကလေးမှာ ၄ ပေါင် ရှိပါတယ်။" ဟု ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လေးမြွှာပူးကလေးများ၏ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ပတ်သက်ပြီး ကလေးအထူးကုပါရဂူ ဒုတိယဗိုလ်မှူးကြီး ဆွေဆွေမြင့်က "ကလေးတွေဟာ ပေါင်မပြည့်လမစေ့ဘဲ မွေးဖွားခဲ့သော်လည်း ပေါင်ပြည့်လစေ့ဖြင့် မွေးဖွားခဲ့တဲ့ ကလေးတွေလို သန်သန်

ကလေးအထူးကုပါရဂူ ဒုတိယ ဗိုလ်မှူးကြီး ဆွေဆွေမြင့် ရှင်းပြစဉ်။

မာမာနဲ့ နို့စို့နိုင်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့်လည်း လိုအပ်တဲ့ နို့ပမာဏ၊ Calories နဲ့ Vitamin-C ပြည့်ဝစေဖို့အတွက် လည်း ဖြည့်ဆည်းပေးထားပါတယ်။ ကိုယ်အပူချိန်နဲ့ ပတ်ဝန်းကျင်စိုထိုင်းဆတွေ တွက်ချက်နိုင်အောင် Incubator ထဲမှာ ရက်သတ္တသုံးပတ်ကြာ ထည့်ထားခဲ့ရပါတယ်။ ညအဲဒီလို ကျန်းမာရေး စောင့်ရှောက်မှုများကြောင့် ကလေးတွေရဲ့ ကိုယ်အလေးချိန်ဟာလည်း နေ့စဉ် အနည်းဆုံး ၁ အောင်စမှ ၃ အောင်စအထိ တိုးလာပါတယ်" ဟု ပြောကြားသည်။

လေးမြွှာပူး မွေးဖွားပေးခဲ့သော ကိုယ်ဝန်ဆောင်မိခင်မှာ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာမှ အသက် (၃၅) နှစ်ရှိ မစန်းစန်းရီ ဖြစ်သည်။ ။

မိခင်နှင့်အတူ လေးမြွှာပူး ကလေးငယ်များကို ကျန်းမာစွာဖြင့် တွေ့ရစဉ်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသော အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးများ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပသော အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ+၃ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးများနှင့် ၂၀၁၁ခုနှစ် အာဆီယံ ခရီးသွားလုပ်ငန်းပြပွဲ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့သည်။ (အောက်ပုံ)

(၁၄)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ဖနွမ်းပင်မြို့ Peace Palace အဆောက်အအုံ၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ ခရီးသွားလုပ်ငန်း ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၁၀ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွေးနွေးမှုများ၊ အာဆီယံ ပေါင်းကူးဆက်သွယ်မှု ပင်မစီမံကိန်းဆိုင်ရာများ၊ ၂၀၁၀ ခုနှစ်အတွင်း အာဆီယံဒေသအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး ဆောင်ရွက်ချက် တိုးတက်မှုများနှင့် အာဆီယံခရီးသွားလုပ်ငန်း ဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၅)တို့ကို ညှိနှိုင်းဆွေးနွေးကြပြီး အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၅)ကို အတည်ပြုကြသည်။

အဆိုပါ ခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်းတွင် ၂၀၁၁ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း အကောင်အထည်ဖော်မည့် ခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း လုပ်ငန်းစဉ်များဖြစ်သော ဒေသတွင်း ခရီးစဉ်ဒေသများ ဖော်ထုတ်ရေးနှင့် ဈေးကွက်မြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလာမှု လွယ်ကူချောမွေ့ရေးနှင့် ဆက်သွယ်မှုအရှိန်အဟုန် တိုးမြှင့်ရေးတို့ကို လုပ်ငန်းစီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော်ရေး မူဘောင်များပါဝင်သည်။

မွန်းလွဲပိုင်းတွင် တတိယအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံမှ ခရီးသွားလုပ်ငန်း ဝန်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံးမှ တာဝန်ခံပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း နှစ်လယ်သုံးသပ်ချက်နှင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အကောင်အထည်ဖော်မည့် မဟာမဲခေါင်ဒေသ၌ ခရီးသွားလုပ်ငန်း လမ်းပြမြေပုံတို့ကို ဆွေးနွေးသုံးသပ်ကြပြီး လုပ်ငန်းစဉ်များကို ညှိနှိုင်းကြသည်။

(၁၀)ကြိမ်မြောက် အာဆီယံ-တရုတ်-ဂျပန်-ကိုရီးယား ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ယင်းနိုင်ငံများမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၀ ခုနှစ် အောက်တိုဘာ၌ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပခဲ့သော (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ်-ဂျပန်-ကိုရီးယား ထိပ်သီးအစည်းအဝေးမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွေးနွေးမှုများ၊ အာဆီယံနှင့် တရုတ်၊ ဂျပန်နှင့်ကိုရီးယားနိုင်ငံများအကြား ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ချက် ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆုံးဖြတ်ကြသည်။

ယင်းနောက် အာဆီယံ-တရုတ်-ဂျပန်-ကိုရီးယားနိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၏ သတင်းစာ ရှင်းလင်းပွဲကို ကျင်းပသည်။ ညနေပိုင်းတွင် ၂၀၁၁ ခုနှစ် အာဆီယံခရီးသွားလုပ်ငန်းပြပွဲ (ASEAN Tourism Forum 2011) ဖွင့်ပွဲအခမ်းအနားကို ဖနွမ်းပင်မြို့ Dimond Island Convention & Exhibition Centre ၌ ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများမှ ခရီးသွားလုပ်ငန်း ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး အခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Samdech Hun Sen က မိန့်ခွန်းပြောကြားကာ ပြပွဲကို ဖွင့်လှစ်ပေးသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ဖနွမ်းပင်မြို့ Dimond Island Convention & Exhibition Centre ၌ ခင်းကျင်းပြသသော ၂၀၁၁ ခုနှစ် အာဆီယံခရီးသွားလုပ်ငန်းပြပွဲ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ခရီးသွားလုပ်ငန်းပြခန်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ၂၀၁၁ ခုနှစ် အာဆီယံ ခရီးသွားလုပ်ငန်းပြပွဲကို ဇန်နဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံအသီးသီးမှ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းလိုင်းများက ပြခန်းများကို ဖွင့်လှစ်ပြသကာ နိုင်ငံတကာမှ ခရီးသွားလုပ်ငန်း ခရီးစဉ်ရောင်းဝယ်မှုများ ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက်ပိုင်းဒေသများ ညအပူချိန်အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျားနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် လားရှိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မြိတ်မြို့တွင် သုည ဒသမ ၁၂ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်ပြင်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၆ ရက် ညနေအထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဂြိုဟ်တုမိုးလေဝသ တိမ်ပုံဖမ်းစက် စတင်အသုံးပြုသည့် အခမ်းအနားနှင့် MTSAT Data Utilization Training သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ နေ့စဉ် မိုးလေဝသ အခြေအနေနှင့် မုန်တိုင်းခန့်မှန်းရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် ကြိုတင်သတိပေးချက်များ ထုတ်ပြန်သည့်လုပ်ငန်းများ ပိုမိုတိုးတက်စေရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ အစီအစဉ်ဖြင့် နေပြည်တော် ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာန၌ ဂြိုဟ်တုမိုးလေဝသ တိမ်ပုံဖမ်းစက် စတင်အသုံးပြုသည့် အခမ်းအနားနှင့် MTSAT Data Utilization Training သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဘက်စုံသဘာဝဘေးကြိုတင်ကာကွယ်ရေး ဗဟိုဌာန၌ ကျင်းပရာ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ငွေနှင့် တာဝန်ရှိသူများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ဌာနေကိုယ်စားလှယ်အကြီးအကဲ Mr. Hideo MIYAMOTO နှင့် တာဝန်ရှိသူများ၊ ဂျပန်ကျွမ်းကျင်သူပညာရှင် Mr. Kunio AKATSU နှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဌာနေကိုယ်စားလှယ်အကြီးအကဲ Mr. Hideo MIYAMOTO နှင့် တာဝန်ရှိသူများက ဂြိုဟ်တုမိုးလေဝသ တိမ်ပုံဖမ်းစက်၊ Mobile Type Automated Weather Observation System (AWS) စက်ပစ္စည်းများ အသုံးပြုပုံနှင့် သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်၍ ဂြိုဟ်တုမိုးလေဝသ တိမ်ပုံဖမ်းစက်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ဂြိုဟ်တုမိုးလေဝသ တိမ်ပုံဖမ်းစက် စတင်အသုံးပြုနေမှုနှင့် Mobile Type Automated Weather Observation System (AWS) စက်ပစ္စည်းများ ခင်းကျင်းပြသထားမှုတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထုတ်ပြန်ပေးနိုင်

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက လွှဲပြောင်းပေးအပ်သည့် ဂြိုဟ်တု မိုးလေဝသ တိမ်ပုံဖမ်းစက်သည် ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့မှ လွှတ်တင်ထားသည့် မိုးလေဝသ ဂြိုဟ်တုများမှ ပေးပို့သည့် သတင်းအချက်အလက်များနှင့် ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေးစနစ်မှ ရရှိသည့် သတင်းအချက်အလက်များကို သချာ်ပုံစံဖြင့် ကွန်ပျူတာဆော့ဖ်ဝဲလ်များ အသုံးပြု၍ ဘင်္ဂလားပင်လယ်အော်၊ ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းများကို ကြိုတင်သိရှိ ထောက်လှမ်းနိုင်မည့်အပြင် နေ့စဉ် မိုးလေဝသအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါ ဂြိုဟ်တုမိုးလေဝသ တိမ်ပုံဖမ်းစက်မှရရှိသည့် သတင်းအချက်အလက်များကို ရန်ကုန်(ကမ္ဘာအေး)နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ မိုးလေဝသ ခန့်မှန်းရေးရုံးများသို့ အင်တာနက်ကွန်ရက်စနစ်ဖြင့် ချိတ်ဆက်၍ မိုးလေဝသခန့်မှန်းရေးလုပ်ငန်းများနှင့် လေကြောင်းမိုးလေဝသ ခန့်မှန်းရေး လုပ်ငန်းများတွင် တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဌာနေကိုယ်စားလှယ်အကြီးအကဲ Mr. Hideo MIYAMOTO ဂြိုဟ်တုမိုးလေဝသ တိမ်ပုံဖမ်းစက်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများကြောင့် သေဆုံး၊ ဒဏ်ရာရရှိခြင်းများရှိခဲ့၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အလေးထားလိုက်နာဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၅

ယာဉ်မောင်း အောင်နိုင်လွင် မောင်းနှင်သော ဟိုင်းလတ်ယာဉ်သည် ဇန်နဝါရီ ၁၈ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ် သိန္နီ-ကွမ်းလုံကားလမ်း မိုင်တိုင်အမှတ်(၆/၁)နှင့် (၆/၂)အကြား၌ ဆိုင်ကယ်တစ်စီးနှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်ပေါ် ပါရှိသူ နှစ်ဦးအနက် တစ်ဦးသေဆုံးပြီး တစ်ဦးပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ထို့ပြင် ဇန်နဝါရီ ၁၉ ရက် ည ၈ နာရီခန့်တွင် ပုသိမ်မြို့နယ် ပုသိမ်-ကန်ကြီးထောင့် ဓာတ်မြေဩဇာ စက်ရုံသွားလမ်း၌ ဆိုင်ကယ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူသေဆုံးပြီး နောက်မှလိုက်ပါလာသူတစ်ဦး ဒဏ်ရာများရရှိသွားခဲ့ကြောင်း၊ အလားတူ ဇန်နဝါရီ ၂၀ ရက် နံနက် ၂ နာရီခွဲခန့်တွင် အမရပူရမြို့နယ် မန္တလေး-စစ်ကိုင်းလမ်း ဗားကရာကွေ့၌ ဆိုင်ကယ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိဆိုင်းဘုတ်ကို ဝင်တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူနှင့် နောက်မှလိုက်ပါလာသူ နှစ်ဦးအနက် တစ်ဦးသေဆုံးကာ အခြားတစ်ဦးအနည်းငယ် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ဇန်နဝါရီ ၂၀ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် ချမ်းမြသာစည်မြို့နယ် မန္တလေး-စစ်ကိုင်း ကားလမ်း အာတီစီဝင်းရှေ့၌ ယာဉ်မောင်း အောင်မိုးမောင်းနှင်သော ဂျစ်ယာဉ်သည် လမ်းဘေးရှိ တယ်လီဖုန်းတိုင်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ယာဉ်မောင်းသေဆုံးသွားခဲ့ကြောင်း၊ ထို့အတူ မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄) ဗဟိုလမ်းနှင့် စိန်ပေါက်ခေါက်ဆွဲဆိုင် လမ်းထောင့်၌ အိုက်စဲမောင်းနှင်သည့် ထော်လာဂျီယာဉ်နှင့် ဆိုင်ကယ်တစ်စီးတို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ အမျိုးသမီးဒဏ်ရာရရှိပြီး နောက်မှ လိုက်ပါစီးနင်းသူ အမျိုးသမီးသေဆုံးသွားခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရသည့်နည်းတူ ထော်လာဂျီမောင်းနှင်သူများ၊ ဆိုင်ကယ်စီးနင်းသူများ အနေဖြင့်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ နားလည်သိရှိပြီး စနစ်တကျ လိုက်နာသင့်ကြောင်း၊ မိမိတို့၏ အသက်တစ်ချောင်းမှာ ယခုကဲ့သို့ အမှတ်မထင် လွယ်လင့်တကူ ဆုံးရှုံးရခြင်း၊ မိမိတို့၏ ပေါ့လျော့မှုကြောင့် အရေးယူခံရခြင်းနှင့် မိမိအား မှီခိုသူမိသားစုများအနေဖြင့်လည်း ကြေကွဲနာကျင်ရခြင်းတို့ကြောင့် အရှိန်ထိန်းမောင်းနှင်ခြင်း၊ စည်းကမ်းနှင့်အညီ မောင်းနှင်ခြင်း၊ သတိရှိခြင်း စသည်ဖြင့် လမ်းစည်းကမ်းဆိုင်ရာ အလေးထားလိုက်နာဆောင်ရွက်သင့်ကြောင်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဝေဖန်ပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နည်းပညာဆွေးနွေးပွဲများ ကျင်းပရေးဆိုင်ရာ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Japan Electric Power Information Center တို့ နည်းပညာဆွေးနွေးပွဲများ ကျင်းပရေးဆိုင်ရာ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်နှင့် ဂျပန်နိုင်ငံ Japan Electric Power Information Center မှ President Mr. Kenshu MOROOKA တို့က နည်းပညာဆွေးနွေးပွဲများကျင်းပရေးဆိုင်ရာ သဘောတူညီချက် စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ဂျပန်နိုင်ငံ Japan Electric Power Information Center မှ President Mr. Kenshu MOROOKA နှင့်အဖွဲ့အား ဝန်ကြီး၏ ဧည့်ခန်းမ၌ ဆက်လက်တွေ့ဆုံပြီး နည်းပညာဆွေးနွေးပွဲများ ကျင်းပနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းနှင့် ဂျပန်နိုင်ငံ Japan Electric Power Information Center မှ President Mr. Kenshu MOROOKA နှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့ မြို့ဝင်မုခ်ဦး ဖွင့်လှစ်

မြစ်ကြီးနား ဇန်နဝါရီ ၂၅

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ မြို့ဝင်မုခ်ဦးဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က အဆိုပါ မြို့အဝင်မုခ်ဦးတွင် ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင် (ဒုတိယညွှန်ကြားရေးမှူး)က မုခ်ဦးဆောက်လုပ်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မုခ်ဦးကို ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မင်း၊ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ အလှူရှင် ဦးရုံးမူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။

(ကြေးမုံ)

ဈေးကောင်းရနေသည့် ဂေါ်ဖီထုပ်များကို ဈေးကွက်သို့တင်ပို့ရန် ဤသို့ ရွေးချယ်ကြရသည်။

✤ရှေ့ဖုံးမှ

ပိုပြီး အဆင်ပြေသွားကြတာပေါ့” ကျေးရွာစာကြည့်တိုက် ကိစ္စရပ်များဖြင့် တစ်ချိန်လုံး အလုပ်များနေသူ ပြည်နယ် ပြန်/ဆက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲညွန့်ကလည်း ထုံးအိုင်ကျေးရွာ ခေတ်သစ်သမိုင်းရေစီးထဲ လိုက်ပါစီးမျောလာပြန်၍ စကားဝိုင်းက ပို၍ စိုပြည်လာသည်။

စိုက်ပျိုးရေးအထူးဇုန်ကြီးအလား

ထုံးအိုင်ကျေးရွာ ရွာလယ်လမ်းမှ လွန်သော် ထုံးအိုင်၊ ဖအွံ့နှင့် ရေကျော်ကြီးကျေးရွာအုပ်စုတို့မှ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော ဆောင်းသီးနှံ စိုက်ခင်းများက ဆီး၍ကြိုနေသည်။ စိုက်ခင်းဧရိယာမှာ အနည်းဆုံး ၁၀ မိုင်နီးပါးခန့်ရှိ၍ စိုက်ပျိုးရေး အထူးဇုန်ကြီးတစ်ခုအလားပင်။

အများအားဖြင့် မြေပဲ၊ ပဲမျိုးစုံ၊ ပြောင်း၊ ငရုတ်၊ ဂေါ်ဖီတို့ကို စီးပွားဖြစ်စိုက်ပျိုးထားသည်ကို တွေ့ရ၏။ တစ်ရွာလုံးနီးပါး ကိုင်းလုပ်ငန်းကို လုပ်ကိုင်ကြ၏။ ဈေးကွက်ပေါ်မူတည်၍ သီးနှံကို တိုးချဲ့စိုက်ပျိုးကြသည်။

ယခုနှစ်တွင် ဂေါ်ဖီများ ဈေးကောင်း၍ ဂေါ်ဖီခင်းများကို အများဆုံး တွေ့ရ၏။ အချို့က ဂေါ်ဖီပြီးလျှင် နှမ်း၊ ငရုတ်နှင့် ပြောင်းတို့ကို သီးထပ်စိုက်ပျိုးကြ၏။

ထူးခြားချက်ကား ထုံးအိုင်နှင့် မိန်းမလှကျွန်းကျေးရွာတို့တွင် မြေပဲကို နှစ်ကျော့ပြန်၍ မြေပဲပြီးမြေပဲ စိုက်ပျိုးနိုင်ကြခြင်းပင်။

မြေပဲတစ်သီးကို စက်တင်ဘာလတွင် စစိုက်ပြီး နှစ်လခွဲအကြာ ဒီဇင်ဘာအတွင်း အခွံမမည်းခင် နုတ်ကြ၏။ မြေပဲနောက်တစ်သီးကိုမူ ဇန်နဝါရီလတွင် ထပ်မံစိုက်ပျိုး၍ မတ်လတွင် ထပ်မံနုတ်ကြ၏။

အရောင်းအဝယ်တွင်ကျယ်

တောင်သူများက အထူးရွှင်လန်းတက်ကြွနေကြ၏။ “ယခုနှစ် ဂေါ်ဖီ ဈေးကောင်းလို့ တစ်ဧကကို အကျိုးအမြတ်တော်တော်ရကြပါတယ်။ ယခင်ကတော့ ရေလမ်းကိုပဲ အားကိုးနေရပြီး ယခု လမ်းကောင်းသွားတော့ အရောင်းအဝယ် ပိုတွင်ကျယ်လာတာပေါ့။ ကုန်သည်တွေက စိုက်ခင်းထဲအထိ ကားနဲ့ဝယ်ကြတော့ ကြိုက်ဈေးရရှိတာပေါ့”

မြေဩဇာကောင်းမွန်

မိမိတို့၏ လေ့လာရေးခရီးက မဆုံးသေး။ ထုံးအိုင်မှ စက်လှေဖြင့် သံလွင်မြစ်ကိုဖြတ်၍ မကျီးကျွန်းကျေးရွာသို့ ဆက်ခဲ့ကြပြန်၏။ မကျီးကျွန်းဆိုသည့်အတိုင်း သံလွင်မြစ်နှင့် ဒုံသမိချောင်းကြားတွင်တည်ရှိ၏။ မြေဩဇာ အထူးကောင်းမွန်လှ၏။

ချောင်းကမ်းပါးယံအနီးရှိ ယာတဲ၌ ဧည့်ခံကျွေးမွေးသော ပြောင်းဖူးပြုတ်များမှာ လတ်ဆတ်၍ အရသာရှိလှ၏။ ယာထဲရှိ ပြောင်းခင်းမှ အခုခူး၊ အခုပြုတ်ကျွေး၍ အထူးချိုမြလှ၏။ “တို့တောရွာဓလေ့ကတစ်မျိုး၊ မြို့ကြီးသားတို့ဓလေ့ကတခြား တူနိုင်ပမလား မောင်ရို့။ နံနက်ခင်းတဲအနီး မီးလှုံကာ ထန်းမြစ်ဖုတ်စား၊ ပဲပြုတ်နှင့် ထမင်းကြမ်းကို လက်ဖက်ရည်ကြမ်းနှင့်မြည်း၊ ဆိမ့်တိမ့်တိမ့်၊ အီတီတီ နတ်သုဒ္ဓါမီပမလား” ဟူသည့် ခေတ်စမ်းစာဆိုတော် ဆရာကြီးသိပ္ပံမောင်ဝ၏ “တို့တောရွာ” ဝတ္ထုဆောင်းပါးကိုပင် အမှတ်ရချင်စရာပင်။

ထုံးအိုင်ကျေးရွာအဝင် ကတ္တရာလမ်းမကြီးကား မျက်စိတစ်ဆုံး ဤသို့ ညီညာပြန့်ပြူးလှသည်။

မကျီးကျွန်းကျေးရွာ ပါဝင်သော ရေကျော်ကြီးကျေးရွာအုပ်စုတွင် မြေပဲ ၃၄၈ ဧက၊ ပဲမျိုးစုံနှင့် ဟင်းသီးဟင်းရွက်များကိုလည်း စိုက်ပျိုးထားပြီး ထုံးအိုင်ကျေးရွာအုပ်စုတွင် မြေပဲဧက ၁၀၁၀၊ ပဲမျိုးစုံ ၂၁၄၈ ဧကနှင့် ဟင်းသီးဟင်းရွက် ၂၉၈ ဧက စိုက်ပျိုးထားကာ မိန်းမလှကျွန်းကျေးရွာ ပါဝင်သော ဖအွံ့ကျေးရွာအုပ်စုတွင် မြေပဲ ၅၃၅ ဧက၊ ပဲမျိုးစုံ ၁၄၀၄ ဧကနှင့် ဟင်းသီးဟင်းရွက် ၃၀၇ ဧကတို့ စိုက်ပျိုးထားကြောင်း သိရသည်။

ဘားအံမြို့နယ်တစ်ခုလုံးအနေဖြင့်မူ ဇန်နဝါရီ ၁၄ ရက်အထိ စာရင်းအရ ၂၀၁၀-၂၀၁၁ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးလျာထားဧက ၁၄၅၁၀၂ အနက် ၁၄၅၁၁၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးလျာထားဧက ၅၈၀၄၁ အနက် ၄၈၇၇၅ ဧက၊ ဆောင်းမြေပဲ လျာထားဧက ၁၄၁၃၅ အနက် ၁၄၃၄၇ ဧက၊ ပဲမျိုးစုံ လျာထားဧက ၅၁၃၇၅ အနက် ၅၂၃၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နှမ်း၊ နေကြာ၊ ကြံ၊ ငရုတ်၊ ဖူးစားပြောင်းနှင့် ဟင်းသီးဟင်းရွက်တို့ကိုလည်း လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ဗွဲကပင်မြေမှာသီးနှံတွေ လှိုင်လှိုင်ဖြာဝေမှုနှင့်အတူ လေ့လာစရာများက မကုန်နိုင်သေး။ သို့မို့ကြောင့် ဘားအံမြို့နယ် ကျုံဖဲရွာရှိ ကေရာကျော်စိုက်ပျိုးထားသော ဖရဲစိုက်ခင်းကို နောက်တစ်ရက်စောစောမှ သွားရောက်လေ့လာဖြစ်ခဲ့၏။

မူဆယ်သို့တင်ပို့

ယခင်က ကျုံဖဲရွာတွင် မြေပဲနှင့် ပဲမျိုးစုံ၊ သခွားနှင့် ပြောင်းဖူးတို့ကိုသာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသည်။ ပြီးခဲ့သည့်နှစ်က စွန့်ဦးတီထွင်သူအချို့က ဖရဲစိုက်နည်းရေးရာ ကျွမ်းကျင်သူ နှစ်ဦးကို ငှားရမ်း၍ ဖရဲစိုက်ခင်း သုံးဧကနီးပါးပေါ်တွင် မြေစမ်းခရမ်းပျိုး စတင်စိုက်ပျိုးခဲ့ရာ ပြည်ပဈေးကွက်စံချိန်မီ အောင်မြင်ဖြစ်ထွန်းခဲ့၍ အကျိုးအမြတ်များစွာ ရရှိခဲ့ကြ၏။ မြဝတီနှင့် မူဆယ်မြို့များအထိ တင်ပို့နိုင်ခဲ့၏။

မြေစမ်းခရမ်းပျိုး စနစ်တကျစိုက်ပျိုးခဲ့ရာမှ ပြည်ပဈေးကွက်အထိ တင်ပို့နိုင်ခဲ့သည့် ကျုံဖဲကျေးရွာမှ ဖရဲစိုက်ခင်းများကလည်း ယခုနှစ် ဖရဲရာသီအတွက် အားရဖွယ်ရာ မြင်ကွင်းပင်ဖြစ်သည်။

ကေရာကျော်

ယခုနှစ်တွင်မူ ကျုံဖဲရွာ၌ ဖရဲလျာထား ၁၀၅ ဧကအနက် ဧက ၇၀ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ဖရဲစိုက်နည်းရေးရာ ကျွမ်းကျင်သူ ၂၀ ကို ငှားထားပြီး ခေတ်မီစိုက်နည်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက်တန်းဝင် ဖရဲသီးလုံးရေ နှစ်သိန်းကျော် ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး ယခုကတည်းက ကုန်သည်များပြည်ပသို့ တင်ပို့နိုင်ရန် လာရောက်စုံစမ်း မေးမြန်းလျက်ရှိကြောင်း၊ ကျုံဖဲရွာကို အတုယူ၍ ရွာနီးချုပ်စပ်တွင်လည်း ဖရဲများ စတင်စိုက်ပျိုးလျက်ရှိကြောင်း ကြားသိခဲ့ရသည်။

နိုင်ငံတော်က ကျုံဖဲ-ကာတွန်းတာတူးမြောင်း ဖောက်လုပ်ပေးခြင်း၏ အကျိုးရလဒ်က ဒီဌမေမွ အကျိုးရရှိစေသည်။ ဖရဲကို စီးပွားဖြစ် စိုက်ပျိုးလာခြင်းဖြင့် ကျုံဖဲရွာသည် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအသွင်သို့ ကူးပြောင်းလာခဲ့ချေပြီ။ ပြည်ပဈေးကွက်တန်းဝင် ဖရဲမျိုးများကို စီးပွားဖြစ် အမြောက်အမြား စိုက်ပျိုးခြင်းဖြင့် ကျုံဖဲရွာသည် အနာဂတ်တွင် ကျုံဖရဲရွာသို့ပင် အမည်နာမ ပြောင်းလဲသွားလေမလားမသိ။

ကေဝုစ် စကားဆိုရပါမူ ဇွဲကပင်မြေမှာ သီးနှံတွေ လှိုင်လှိုင်ဝေဖြာမှုနှင့်အတူ ချစ်သောဇွဲကပင်မြေသည် အနာဂတ်တွင်ပို၍ပို၍ စိမ်းလန်းလာမည်။ ပို၍ပို၍ ငြိမ်းချမ်းလာမည်။ ပို၍ပို၍သာယာဝပြောလာမည်မှာ ဧကန်အမှန်ပင်။ ။

ထုံးအိုင်ကျေးရွာနှင့် မိန်းမလှကျွန်းကျေးရွာတို့တွင် မြေပဲပြီး မြေပဲ နှစ်ကျော့ပြန်စိုက်ပျိုးသော မြေပဲခင်းများကလည်း စိုက်သလောက် အောင်မြင်ဖြစ်ထွန်းလှသည်ကို ဤသို့မျက်မြင်တွေ့ခဲ့ရသည်။

ဇန်နဝါရီ ၁၅ ရက်က လှိုင်မြို့နယ် ဘက်စုံပညာထူးချွန်ဆုပေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းအဆင့်ကျောင်းကျန်းမာရေး စံပြပထမဆုနှင့် မြို့နယ်ဘက်စုံထူးချွန်ပထမဆုရရှိသော အမက(၂)မူလွန်လှိုင်မှ ဆရာမကြီး ဒေါ်သာနုအေးအား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်ရီ ဆုချီးမြှင့်စဉ်။ (၅၄၃)

ဝန်ကြီး ဦးသိန်းညွန့်အား တရုတ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဓါတ်ပုံ)** (သတင်းစဉ်)

Engineering Day 2011 ကို Myanmar Search International (MSI)က ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

Engineering Day 2011 ဖွင့်ပွဲကို မလေးရှားနိုင်ငံ ထိပ်တန်းအဆင့်ရှိ "Tier-5 Excellence Award" ရရှိထားသော တက္ကသိုလ်ကျောင်းနှစ်ကျောင်းဖြစ်သည့် Kuala Lumpur မြို့တော်ရှိ Taylor's University၊ အရှေ့မလေးရှားနိုင်ငံ Sarawak ပြည်နယ်ရှိ Curtin University နှင့်စင်ကာပူနိုင်ငံရှိ "The Best Education Experience Award 2010" ချီးမြှင့်ခြင်းခံရသော PSB Academy ကျောင်းသုံး ကျောင်းတို့ ပူးပေါင်းပြီး ဇန်နဝါရီ ၂၉ ရက်(စနေနေ့) ညနေ ၃ နာရီမှ ညနေ ၆ နာရီအထိ ကုန်သည်ကြီးများ ဟိုတယ် ကုန်းဘောင်-တကောင်းခန်းမ၌ Myanmar Search International Education Consultancy(MSI) ပညာရေးဝန်ဆောင်မှုက ကြီးမှူးကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် အင်ဂျင်နီယာဘာသာရပ်ကို သင်ကြားရခြင်း၏ အကျိုးကျေးဇူးများ၊ အဘယ့်ကြောင့် အင်ဂျင်နီယာ ဘာသာရပ်ကို သင်ယူသင့်သနည်း၊ ကမ္ဘာ့အဆင့်အတန်းမီ အင်ဂျင်နီယာကောင်းတစ်ယောက် ဖြစ်နိုင်ရန်အတွက် မည်သည့်နည်းစနစ်တွေကို လေ့လာပြီး အသုံးချသင့်သနည်း၊ ကျောင်းလခ၊ နေထိုင်စရိတ်၊ ကုန်ကျမှု သက်သက်သာသာနှင့် နိုင်ငံတကာတက္ကသိုလ်ကျောင်းသားတစ်ယောက်တွင် ရရှိနိုင်သော အခွင့်အရေးများ၊ အင်ဂျင်နီယာဘာသာရပ်ကို သင်ကြားပြီးနောက်ပိုင်း ရရှိနိုင်မည့် အလုပ်အကိုင်အခွင့်အရေးများ၊ အနောက်နိုင်ငံကြီးများရှိ ထိပ်တန်းတက္ကသိုလ်များတွင် သွားရောက်သင်ယူခြင်းနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော အာရှနိုင်ငံများတွင် သင်ယူရခြင်း၏ ကွာခြားချက်များ၊ ယနေ့ Global Village ခေတ်၏ နိုင်ငံတကာ ပညာရေးစနစ်ပုံစံများနှင့် Mechatronic ၊ Electrical ၊ Electronics ၊ Civil စသည်တို့အပြင် အမျိုးမျိုးသော အင်ဂျင်နီယာဘာသာရပ်တို့ကို Curtin University Sarawak (Sarawak Malaysia) Taylor's University, Malaysia နှင့် PSB Academy မှ တာဝန်ရှိသူတို့က အသေးစိတ် ရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။

ပညာသင်ဆု အစီအစဉ်များလည်းရှိရာ စိတ်ဝင်စားသော ကျောင်းသားများသည် မိမိတို့၏ ပညာရေးဆိုင်ရာစာရွက်စာတမ်း အထောက်အထားများကို ယူဆောင်လာရန်နှင့် ဆွေးနွေးပွဲ တက်ရောက်လိုသူများသည် ဇန်နဝါရီ ၂၇ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး စာရင်းသွင်းကြရန်နှင့် အထူးအခွင့်အရေး တစ်ရပ်အနေဖြင့် စင်ကာပူနိုင်ငံရှိ PSB Academy ကျောင်းမှ ဘာသာရပ်များကို စိတ်ဝင်စားသူများအတွက် ၎င်းနေ့တွင် တိုက်ရိုက်ကျောင်းလျှောက်လွှာတင်ခြင်းဖြင့် PSB Academy ကျောင်းမှ ကျောင်းဝင်ကြေး စင်ကာပူဒေါ်လာ ၃၅၃ဒေါ်လာကို တရားဝင် ကင်းလွတ်ခွင့်ပေးမည်ဖြစ်သည်။

အသေးစိတ်စုံစမ်းလိုပါက Myanmar Search International Education Consultancy Services Co., Ltd. (MSI) ရုံးခန်း၏ တည်နေရာ အမှတ်(၂၃၄) ဒုတိယထပ်(ညာ) ရွှေဘုံသာအလယ်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၀၉၂၉၊ ၀၁-၃၈၉၉၁၅ ၊ ၀၉-၅၁-၀၃၉၁၅ နှင့် myanmar searchinternational @gmail.com တို့သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ခတ်ချို-နောင်ပကပ်-နောင်ပတိန်း ကျေးရွာချင်းဆက် ခြောက်မိုင်အရှည် မြေသားလမ်း ဖောက်လုပ်ခြင်းကို အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ရွှေစစ်သည်ကျေးရွာ အလက(၁၂)အဖြစ် တိုးမြှင့်ဖွင့်လှစ် သင်ထောက်ကူပစ္စည်းများ ပညာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်

မိတ္ထီလာ ဇန်နဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (အငြိမ်းစား) ဦးစိုးညွန့် (ဒေါက်တာထီလာစစ်သူ) ဦးဆောင်၍ ပြည်တွင်း ပြည်ပအလှူရှင်များ ဆောက်လုပ်လှူဒါန်းခဲ့သော အမှတ်(၁၂) အခြေခံပညာ မူလတန်းကျောင်းအား အလယ်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက်က ရွှေစစ်သည် ကျေးရွာ အမှတ်(၁၂)အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁၂) အခြေခံပညာ အလယ်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်၊ တိုင်းပညာရေးမှူး (စစ်ဆေးရေး) ဦးမြင့်ဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် အလှူရှင်များကိုယ်စား ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး (အငြိမ်းစား) ဦးစိုးညွန့်၏ ဇနီး ဒေါ်လှယဉ်ယဉ်စိုးတို့က ကျောင်းဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍သင်ထောက်ကူပစ္စည်းများကို အလှူရှင်များကိုယ်စား ဒေါ်လှယဉ်ယဉ်စိုးက ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ **(အပေါ်ပုံ)** တိုင်းပညာရေးမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယခုလွှဲပြောင်းပေးအပ်သော သင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများမှာ ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ မာတီမီဒီယာသုံးပစ္စည်းများ၊ သိပ္ပံပစ္စည်းများ၊ ကျောင်းသုံးတူရိယာပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများ စုစုပေါင်း ကျပ်သိန်း ၂၀၀၀ကျော် တန်ဖိုးရှိကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကတ္တရာလမ်းများ လမ်းပေါက်ဖာခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ဆိုင်ကယ်နှင့် အမြန်ရထားတိုက်မိမှုဖြစ်ပွား သတိမမူဘဲဖြတ်ကူးမိသူ ဆိုင်ကယ်သမားသေဆုံး

ရေတာရှည် ဇန်နဝါရီ ၂၅

အမြန်ရထားလာနေသည်ကို သတိမထားဘဲ ဖြတ်ကူးသည့် ဆိုင်ကယ် စီးနင်းလာသူအား အမြန်ရထားက အရှိန်ပြင်းစွာ တိုက်မိခဲ့သောဖြစ်ရပ်တစ်ခု ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့နယ် ဆွာမြို့ ရန်ကုန်-မန္တလေး ရထားလမ်းကြေးနန်းတိုင်အမှတ် (၁၉၂/၁၅)နှင့် (၁၉၂/၁၆)ကြား၌ ဖြစ်ပွားခဲ့သည်။

သံတောင်မြို့နယ် ရှမ်းလယ်ပြင်ကြီးကျေးရွာနေ ဖိုးတုတ်(ခ)စောသန်းဌေး (၂၅)နှစ် (ဘ)ဦးခင်မောင်ဝင်း မောင်းနှင်လာသည့် JCM 110 WAVE အနက်ရောင်(လိုင်စင်မဲ့) ဆိုင်ကယ်သည် ငါးကြီးကွေ့ရွာမှ ဆွာမြို့သို့သွားသည့် လမ်းအတိုင်း မောင်းနှင်လာစဉ် ရွာသာယာ ရထားလမ်းကူးအရောက် ရှေ့တွင်ရထားလာနေ၍ ဆိုင်ကယ်များရပ်ထားသည်ကို ဂရုမထားဘဲ ရုတ်တရက်ဖြတ်ကူးစဉ် ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာလာသော အမှတ်(၅) အဆန်ရထားက ဝင်တိုက်မိခဲ့ပြီး လူရောဆိုင်ကယ်ပါ ချိတ်ပါသွားခဲ့သည်။

အတိုက်ခံရသော ဖိုးတုတ်(ခ) စောသန်းဌေး၏ အလောင်းမှာ တံတားအမှတ်(၃၁၁) မိုင်တိုင်အမှတ်(၁၉၂/၁၆) နှင့် (၁၉၂/၁၇)အကြားတွင် ကျကျန်ခဲ့ပြီး အမြန်ရထားမှာ မိုင်တိုင်အမှတ် (၁၉၂/၂၂)နှင့် (၁၉၂/၂၃)ကြား ရောက်မှ ရပ်တန့်သွားခဲ့သည်ဟု သိရသည်။

အမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဆွာရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် (၁/၂၀၁၁)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (ကြေးမုံ)



ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘုရားကြီးကျေးလက်ဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်ဝါယာကြိုး မီးခလုတ်များ ခွဲခြားတပ်ဆင်ထားမှုကို ဇန်နဝါရီ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် ဈေးတာဝန်ခံ ဦးမြတ်မင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၅ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၅ ၄။ အဖွင့်သီချင်း
- ၄:၂၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၃၅ ၈။ ရှေးဟောင်းသုတ
- ၄:၄၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၀ ၁၀။ ကောင်းခြင်းဝေဖြာ (ဇာတ်လမ်းတို)
- ၄:၅၅ ၁၁။ ကြိုတင်တားဆီးရန်သူမီး
- ၅:၃၅ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၃၃)**
- ၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၆။ Mail Box
- ၆:၄၅ ၁၇။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း -၄၁)
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၃၁)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ ရယ်စရာပျော်စရာ ဟာသပဒေသာ- တောသားလေးနှင့်ရန်ကုန်သူ (ကောင်းပြည့်၊ ဧရာ၊ ခင်လှိုင်၊ ကောင်းစံ၊ ချက်ကြီး၊ မိုးယုစံ၊ တက္ကသိုလ်ဝွမ်းပုံ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
- ၂၄။ Internet Website ကဏ္ဍ/ အိုင်စီတီသုတ
- ၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၅၀)**
- ၂၇။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
- ၂၈။ သင့်အတွက်မနက်ဖြန်
- ၂၉။ အပိတ်နှုတ်ဆက်စကား
- ၃၀။ ပြီးပါပြီ။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁) ဖြင့် သီရိသုဓမ္မမဏိဇောတဓရ Dr.ကျော်စော(စာဝန်းအိမ်၊ ပြင်ဦးလွင်)အား "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ခြင်းအတွက် မိသားစုနှင့်ထပ်တူလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာတော်အကျိုး နိုင်ငံအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း၊ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Three Friends Construction Co.,Ltd.

အခန်းကျယ်ရောင်းမည်

မဟာဗန္ဓုလလမ်းမပေါ် ဆိပ်ကမ်းသာလမ်းထောင့် (၄)လွှာ ပေ ၂၀×၅၀ Halltype Ph;561321,09 5001158

လူနေဆိုင်ခန်းအငှား

သံသုမာလမ်းမပေါ် (၃၁)ဂိတ်အနီး တ/ဥက္ကလာ (၂၀'×၁၀')၆သောင်း (နှစ်ချုပ်) ဖုန်း-၅၆၉၄၈၅၊ ၀၉-၅၁၅၂၇၅၉

လှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁)ဖြင့် ၂၀၁၁ ခုနှစ်၊ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် **သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာစိုးသိန်း** (မန်နေဂျင်းဒါရိုက်တာ၊ ဓနအောင်ဂရု(ပ်)ပရိုဒတ်ရှင်းကုမ္ပဏီလီမိတက်)ကို **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်လှိုက်လှဲဝမ်းသာဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည် ကျန်းမာ ချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

မိဘဆရာအသင်း
ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်
ကျောင်းသား၊ ကျောင်းသူဟောင်းများ
အထက(၂)တောင်ဥက္ကလာပမြို့နယ်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ ၄၂×၄၃လမ်း၊ ဦးဘသာလမ်းနေ ဦးဇော်မြင့်-ဒေါ်ကြိုင်ကြိုင်(Khine Thitsar Fashion Shop) တို့၏တစ်ဦးတည်းသောသား

မောင်ထက်မြက်သူ
Final Year(B.C.Sc-Mdy)
Diploma in International Information Business(Tokyo,Japan)
နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)လမ်းနေ
ဦးမောင်မောင်ဦး-ဒေါ်စန္ဒာသောင်း
(Shwe Wom Yan Educational Service Agency)တို့၏တစ်ဦးတည်းသောသမီး
Fukushima Ken,Japan နေ Mrs TagumaMieko(a)ဒေါ်စန္ဒီသောင်းတို့၏တူမ

မခင်နှင်းယု
Special Course of Japanese Language
2nd year Socical Welfare(Higashi Nipon International University ,Japan)

တို့သည် ၁၉-၁-၂၀၁၁ ရက်တွင် ရန်ကုန်မြို့၌ နှစ်ဖက်သောမိဘဆွေမျိုးများသဘောတူ ခွင့်ပြုချက်အရ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထက်မြက်သူ-မခင်နှင်းယု

နိုင်ငံတကာ အားကစားသတင်းများ

ဝင်းတင်(ကြေးမုံ)

စိုးတင့်နိုင်

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ ကမ္ဘာ့အဆင့်(၁) ကာရိုလိုင်းဝေါ့ဇ်နက်ကီ အကြိုဗိုလ်လုပွဲတက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၅

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၇ ရက်မှ ၃၀ ရက်အထိ ဆက်လက်ကျင်းပလျက်ရှိရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် အသက်(၂၀)နှစ်သာရှိသေးသည့် ဒိန်းမတ်တင်းနစ်မယ် ကမ္ဘာ့အဆင့်(၁) ကာရိုလိုင်းဝေါ့ဇ်နက်ကီမှာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ယနေ့ကျင်းပခဲ့သည့် အမျိုးသမီးတစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ကမ္ဘာ့အဆင့်(၁) ဒိန်းမတ်တင်းနစ်မယ် ကာရိုလိုင်းဝေါ့ဇ်နက်ကီက အီတလီတင်းနစ်မယ် ဖရန်ဆစ်ကာဆရှီယာဗိုနီကို ၃-၆၊ ၆-၃၊ ၆-၃ ဖြင့် ခက်ခက်ခဲခဲကစားပြီး အနိုင်ရရှိခဲ့သည်။ တရုတ်တင်းနစ်မယ်လီနှင့် ဂျာမန်တင်းနစ်မယ် အင်ဒရီယာပက်ကိုဗစ်တို့ပွဲတွင်မူ လီက ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိသွားသည်။ အကြိုဗိုလ်လုပွဲတွင် ကာရိုလိုင်းဝေါ့ဇ်နက်ကီနှင့် လီတို့ဆုံတွေ့မည်ဖြစ်သည်။ အခြားကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၂၆ ရက်(ယနေ့)တွင် ကေဗီတိုဗာနှင့် ဇွေ့ဗ်နာရီဗာ၊ ရက်ဝင်စကာနှင့် ကင်ကလစ္စတားတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဆွစ်ဇာလန်နိုင်ငံသား ရော်ဂျာဖက်ဒရားသည် တစ်နိုင်ငံတည်းသားဖြစ်သည့် ဝါရင်ကာကို ၆-၁၊ ၆-၃၊ ၆-၃ ဖြင့် သက်သောင့်သက်သာကစားပြီး အနိုင်ရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီ ဖြစ်သည်။ ***အင်တာနက်။***

အကြိုဗိုလ်လုပွဲရောက် ဒိန်းမတ်တင်းနစ်မယ် ကာရိုလိုင်းဝေါ့ဇ်နက်ကီ။

ပရီမီယာလိဂ်လက်ကျန်ပွဲ ချယ်လ်ဆီးဂိုးပြတ်နိုင်

လန်ဒန် ဇန်နဝါရီ ၂၅

ပရီမီယာလိဂ်ပွဲစဉ်(၂၄)၏ လက်ကျန်ပွဲအဖြစ် ရီဘော့ခ်ကွင်းတွင် ဘော်လ်တန်နှင့် ချယ်လ်ဆီးတို့ အင်္ဂါနေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဧည့်သည်ချယ်လ်ဆီးက လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်နိုင်သွားသည်။

ယခုပွဲ၌ အိမ်ရှင်ဘော်လ်တန်အသင်းတွင် ဒေးဗီးစ်၊ အယ်လ်မန်ဒါ၊ တေလာ၊ ပက်ထရော့၊ ကာဟေးလ်၊ ရော်ဘင်ဆင်တို့ ပထမပွဲထွက် လူစာရင်းတွင် ပါဝင်လာခဲ့ပြီး ရလဒ်ပိုင်းဆက်တိုက် ဆိုးရွားနေသည့် ချယ်လ်ဆီးတွင် ပီတာချက်၊ အီဗန်နိုဗစ်၊ အက်ရှ်လေကိုးလ်၊ ဘော်စင်ဝါ၊ ဂွန်တယ်ရီ၊ အက်ဆီယမ်၊ ရာမီရစ်၊ မီခေးလ်၊ မာလူဒါ၊ ဒရော့ဘာနှင့် အနယ်လ်ကာတို့ကို ထည့်သွင်း၍ နိုင်ပွဲရရန် ကြိုးစားခဲ့သည်။ ချယ်လ်ဆီးသည် ယခုပွဲကို အဝေးကွင်း၌ သွားရောက်ကစားရသော်လည်း အချိတ်အဆက်မိမိဖြင့် ဘော်လ်တန်အသင်းကို ဖိအားပေးတိုက်စစ်ဆင်နိုင်ခဲ့သည်။ ချယ်လ်ဆီးအတွက် ဂိုးများကို ပွဲချိန် ၁၁ မိနစ်တွင် ဒရော့ဘာက အဖွင့်ဂိုး၊ ၄၁ မိနစ်တွင် မာလူဒါ၊ ၅၆ မိနစ်တွင် အနယ်လ်ကာနှင့် ၇၄ မိနစ်တွင် ရာမီရစ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၂၄) အပြီးတွင် ချယ်လ်ဆီးအသင်းမှာ တစ်ပွဲလျော့ ၄၁ မှတ်ဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေပြီး ဘော်လ်တန်အသင်းမှာ ပွဲပြည့်ကစားခဲ့ပြီး ရမှတ် ၃၀ ဖြင့် အဆင့် (၁၀)သို့ ရောက်သွားသည်။ ***အင်တာနက်။***

ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို ဒရော့ဘာ သွင်းယူစဉ်။

ဘာဘယ်၏ ဟော့ဖန်ဟိန်းသို့ အပြောင်းအရွှေ့ ပျက်ပြယ်သွားခဲ့ဟု ဒါးဂလစ်ရှ်ဆို

လီဗာပူး ဇန်နဝါရီ ၂၅

ဂျာမန်ကလပ်ဟော့ဖန်ဟိန်းသို့ အပြောင်းအရွှေ့ ပျက်ပြယ်ခဲ့ပြီးနောက် လီဗာပူးအသင်းမှ ရှိုင်ယန်ဘာဘယ်သည် ယခု ဇန်နဝါရီတွင် အသင်းမှ ထွက်ခွာသွားတော့မည်မဟုတ်ကြောင်း လီဗာပူးမန်နေဂျာကင်နီဒါးဂလစ်ရှ်က အတည်ပြုပြောကြားလိုက်သည်။

လီဗာပူးအသင်းမှ သူ့အတွက် ပြောင်းရွှေ့ကြေး ယူရိုခြောက်သန်းဖြင့် ကမ်းလှမ်းမှုကို လက်ခံခဲ့သဖြင့် ဟော်လန်တောင်ပံကစားသမား ဘာဘယ်သည် ဂျာမန်ကလပ်နှင့် ဆေးစစ်မှုပြုလုပ်ခဲ့သည်အထိပင် ပြောင်းရွှေ့ရန် နီးစပ်ခဲ့သော်လည်း ကစားသမားနှင့် ပြောင်းရွှေ့ရမည့်အသင်းအကြား သဘောတူညီမှုမရသဖြင့် ပျက်ပြယ်ခဲ့ရသည်။

ဘာဘယ်သည် လီဗာပူးမှ ခေါ်ယူလိုနေသော လူးဝစ်ဆွာရက်ဇ်နှင့် အလဲအထပ်ပြုကာ သူ၏အသင်းဟောင်း အိုင်းယက်စ်သို့ ပြောင်းရွှေ့လိုနေသည်ဟု သိရသော်လည်း စောင့်ကြည့်ရမည့် အနေအထားတွင်သာရှိသည်။ ဘာဘယ်အသင်း၌ မည်မျှကြာကြာ ဆက်ရှိနေမည်ဆိုသည်ကို ဒါးဂလစ်ရှ်ကပြောဆိုခြင်း မရှိချေ။ "သူဒီမှာ ရှိနေပါတယ်" ဟုသာ ၎င်းက ပြောကြားခဲ့သည်။

လီဗာပူးသည် ဘလက်ပူးအသင်းခေါင်းဆောင် ချာလီအဒမ်ကို ဆက်သွယ်နေသည်ဟု သိရသော်လည်း ဒါးဂလစ်ရှ်ကမူ အသင်း၏ အပြောင်းအရွှေ့ ပစ်မှတ်များကို ထုတ်ဖော်ပြောဆိုရန် ငြင်းဆိုခဲ့သည်။ "ထုတ်ပြောစရာကိစ္စတွေရှိလာရင်တော့ ကျွန်တော်တို့ ထုတ်ပြောမှာပါ" ဟု ဒါးဂလစ်ရှ်က ဆိုသည်။

"လီဗာပူးဘောလုံးအသင်းရဲ့ ထုံးစံအတိုင်းသာ ကျွန်တော်တို့ လုပ်ဆောင်သွားဖို့ ကြိုးစားသွားမှာပါ။ ကျွန်တော်တို့ရဲ့ ထုံးစံတွေထဲက တစ်ခုကတော့ အခြားကလပ်အသင်းတွေနဲ့ အခြားကလပ်အသင်းတွေက ကစားသမားတွေကို လေးစားမှုရှိဖို့ပဲ ဖြစ်ပါတယ်" ဟု ဒါးဂလစ်ရှ်က ဆိုသည်။ ***အင်တာနက်။***

သုဓမ္မသီဂိ ဒေါ်နန်းချစ်ဆွေ အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း

ပုသိမ်တက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာ ညွှန့်ဖေ၏ဇနီး **ဒေါ်နန်းချစ်ဆွေ**သည် ၄-၁-၂၀၁၁ရက်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချီးမြှင့်သော **သုဓမ္မသီဂီဘွဲ့**ကို ထိုက်ထိုက်တန်တန် ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း၊ ဆရာကြီးနှင့်အတူ နိုင်ငံအကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး ကျန်းမာပျော်ရွှင်စွာဖြင့် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဦးဝင်းဌေး
ရောဝဏ်ပုံနှိပ်လုပ်ငန်းမိသားစု

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ကမ္ဘာတစ်ဝန်း သဘာဝပျားဂေဟာများ ကျဆင်းလာမှု ပိုးသတ်ဆေးသစ်များ သုံးစွဲမှုနှင့် ဆက်နွယ်နေ

ဝါရှင်တန် ဇန်နဝါရီ ၂၅

ယနေ့ကာလ၌ နည်းပညာသစ်ဖြင့် ထုတ်လုပ်လာသော ပိုးသတ်ဆေးများသည် ပျားကောင်များ၏ ဇဟိုအာရုံကြောစနစ်ကို ထိခိုက်စေနိုင်ကြောင်း၊ ကမ္ဘာတစ်ဝန်း၌ မျိုးဆက်သစ် ပိုးသတ်ဆေးများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာခြင်းဖြင့် ပျားကောင်ရေ ကျဆင်းသွားမည်ဖြစ်ကြောင်း အမေရိကန် လယ်ယာစိုက်ပျိုးရေးဌာန ပျားသုတေသန သိပ္ပံဓာတ်ခွဲခန်း၌ ပြုလုပ်သော လေ့လာချက်တစ်ရပ်အရ သိရသည်။

မျက်မှောက်ကာလ၌ ကမ္ဘာတစ်ဝန်းလုံးတွင် ပျားကောင်ရေ ကျဆင်းလာရခြင်း၏ အဓိက အကြောင်းတရားတစ်ရပ်မှာ နည်းပညာသစ်ဖြင့် ထုတ်လုပ်သော ပိုးသတ်ဆေးသစ်များကြောင့် ဖြစ်ကြောင်း ပျားမွေးမြူရေး ကျွမ်းကျင်သူပညာရှင် ဒေါက်တာဂျက်ဖရီ ပက်တစ်က ပြောကြားသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် အုပ်စုဖွဲ့နေသော သဘာဝပျားဂေဟာများ အရေအတွက်အရ လျော့နည်းလာနေခြင်း အကြောင်းတရားကို လေ့လာပြီးအဖြေရှာရန် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး လှုပ်ရှားသူများက သိပ္ပံပညာရှင်များကို မေတ္တာရပ်ခံခဲ့ကြသည်။

ဗြိတိန်နိုင်ငံတွင် ပျားရည် ထုတ်လုပ်ပေးနိုင်သော သဘာဝ ပျားဂေဟာများ တစ်စစလျော့ပါးလာနေကြောင်း၊ ၁၉၈၀ ပြည့်လွန်နှစ်များနောက်ပိုင်း သဘာဝပျားဂေဟာ အရေအတွက်ထက်ဝက်ခန့် ကျဆင်းသွားသည်ကို လေ့လာတွေ့ရှိရကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ သိရသည်။

ဓာတုဗေဒပိုးသတ်ဆေး အမျိုးအစားသစ်ဖြစ်သော neo-nicotinoids ပိုးသတ်ဆေးများသည် အင်းဆက်ပိုးမွှားများကို သေဆုံးစေရန် ရည်ရွယ်ထုတ်လုပ်ထားပြီး ပျားသတ္တဝါ၏ ရောဂါဖြစ်ပွားနိုင်မှု ဘေးအန္တရာယ်ကို ဖြစ်ပေါ်စေကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

ခေတ်သစ် ဓာတုဗေဒပိုးသတ်ဆေးဝါးများနှင့် ထိတွေ့ခံရသော ပျားများသည် ပျားရောဂါတစ်မျိုးဖြစ်သော နို့စ်မာ(nosema) ကပ်ပါးပိုးရောဂါ ဖြစ်ပွားကာ သေဆုံးရသည်ကို လေ့လာတွေ့ရှိရသည်။

ပြင်သစ်နိုင်ငံ၌ ပြုလုပ်ခဲ့သော လေ့လာချက်တစ်ရပ် အရလည်း ပိုးသတ်ဆေးသစ်များနှင့် ပျားများ သေဆုံးမှု ဆက်နွယ်ပုံကို အထောက်အထားအဖြစ် တွေ့ရှိရသည်။

အင်တာနက်။

ဇီဝသိပ္ပံ အင်တာနက်သတင်း ဘာသာပြန်-စံစံ

ပိုးသတ် ဆေးသစ်များကြောင့် ပျားသတ္တဝါများ၏ သဘာဝ ဂေဟစနစ်များ ပျက်စီးနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

(ဓာတ်ပုံ-အင်တာနက်)

ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ အစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် ဇန်နဝါရီ ၂၅

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား ဝပ် ၃၀၀ လှိုင်းနှုန်း (UHF Channel J-13) ဖြင့် ဇန်နဝါရီ ၂၀ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့်ညအပူချိန်များ (၂၅-၁-၂၀၁၁)

နမ့်စန်	၂ ဒီဂရီစင်တီဂရိတ်	ဟဲဟိုး	၃ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၂ ဒီဂရီစင်တီဂရိတ်	လားရှိုး	၄ ဒီဂရီစင်တီဂရိတ်

'လေးမြွာပူး ကိုယ်ဝန်ဆောင် မိခင်တစ်ဦးကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့'

သတင်းမှတ်စု(စာမျက်နှာ-၇)